# Research Paper

# The Origin of the Karenni People and its History

ကရင်နီသမိုင်း စိစစ်လေ့လာရေး စာတမ်း


Prepared
By
Khu Oo Reh Bosco
Chairman of the Karenni History Research
Committee/KNPP



Special Collation for the Karenni Leadership and Management School
June - August 2003

Revised edition - January 2006


မှီငြမ်းကိုးကားချက်များ–**References:**


1. The Independence and Self-determination of the Karenni State by KNPP
2. The city of Pagan and T'ai by Renard
3. The Upper Burma Gazetteer
4. The Karens on the Golden Chersonese by McMahon
5. India Office Library and Records IOR M/4/3023 by H. Stevenson
6. Sketches from the Karen Hill by Slonzo Bunker D.D

7. Thai groups outside the Kingdom by Pranee Siridhorn
8. The question on Karenni sovereignty and independence by Ministry of Foreign Affairs, Karenni Provisional Government
9. Grandfather Longlegs by Ian Morrison
10. The Conquest, Pacification and Administration of the Shan States by Dr Clarence Hendershot
11. Questions on Karenni

၁၂၊ သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ်။အတွဲ(၁)နှင့်(၂)

၁၃၊ တိုင်းရင်းသားလူမျိုးစုများအရေးနှင့် (၁၉၄၇) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ။ အတွဲ(၁)နှင့်(၂) (နဝတ ထုတ်)

၁၄၊ ကရင်နီပြည်တွင်းရေး

၁၅၊ ကရင်နီပြည်နယ်သစ်

၁၆၊ ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မရှင်(၁၉၅၅)

၁၇၊ ဦးမြင့်သိန်း၏(၁၉၄၇)ခု ဖွဲ့စည်းပုံအခြေခံဥပဒေ။အခန်း(၁၀)နှင့်ပါတ်သက်ပြီး ပါဝင်ခဲ့သော မူရင်းရေးသားချက်

၁၈ လွိုင်ကော်ကက်သလစ်သာသနာသမိုင်း

## ကရင်နီသမိုင်းနောက်ကြောင်းအပေါ် လေ့လာသုံးသပ်ချက်များ

အခဏ်း ( ၁ )

**ကရင်နီအစ မွန်ဂိုးလီးယားက–**

သမိုင်းဆရာများ၏ လေ့လာခန့်မှန်းချက်များအရ ဘီ ၈–ရာစုလောက်က ဖြစ်နိုင်ဖွယ်ရှိသည့် အချိန်ကစပြီး ကရင်နီလူမျိုးတို့သည် မွန်ဂိုးလီးယား ကုန်းပြင်မြင့် မှတဆင့် ဂိုဘီသဲကန္တာရလွင်ပြင်ကို ဖြတ်ကျော်ကာ တနေရာမှတနေရာသို့ ရွှေ့ပြောင်းအခြေချနေထိုင်ရင်း တရုပ်ပြည်သို့ ရောက်ရှိလာသောအခါ တိုင်းပြည်ကိုတည်ထောင်ခဲ့သည်ဟု ဆိုပါသည်။

၁၉၈၀ ခုနှစ်က ပုဂံထီးနန်းမြို့နှင့် ဤငေ သမိုင်းအကြောင်းရေးသားခဲ့သူ Renard ၏မှတ် တမ်းအရဆိုရသော်– ‘ဗီ ၈–ရာစုမတိုင်ခင်အချိန်က ကရင်နီအပါအဝင် ကရင်လူမျိုးတို့သည် အထက် ဗမာပြည်နှင့် ထိုင်းနိုင်ငံမြောက်ဖက်ဒေသများသို့ ဝင်ရောက်လာခဲ့ကြသည်ဟု ရေးသားထားကာ The Karens on the Golden

Chersonese သမိုင်းရေးသားသူ Lieut.-Colonel A. R. McMahon, F.R.G.S., ၏ ၁၈၇၆ ခုနှစ်က ရေးသားခဲ့သော မှတ်တမ်းတွင်လည်း ကရင်နီအပါအဝင် ကရင်လူမျိုး တို့သည် တရုပ်နှင့်သော်လည်းကောင်း၊ လာအိုဝ်လူမျိုးတို့နှင့် သော်လည်းကောင်း ဆက်သွယ်ယှက်နွယ် မှုရှိခဲ့ကြောင်းဖော်ပြခဲ့သည်။

(ပရေးလာဗဲ့-lrkJ;fgqkG) ငွေတောင်ပြည် (သို့) ဒီးမောဆိုကေ့သို့–

ကြီးနိုင်ငယ်ငြင်းဟူသည့် ဆိုရိုးစကားအတိုင်း မွန်ဂိုးလီးယားကုန်းပြင်မြင့်တွင် ကရင်နီလူမျိုးတို့ အခြေချနေထိုင်စဉ် ပိုမိုအင်အားကြီးသော အိမ်နီးချင်းလူမျိုးများ၏ တိုက်ခိုက်အနိုင်ကျင့်မှုကြောင့် တနေရာမှတနေရာ့သို့ ရွှေ့ပြောင်းအခြေချနေထိုင်ရင်း နယ်မြေသစ်ရှာဖွေရန် တရုပ်နိုင်ငံ မြစ်ဝါမြစ် (Yellow River) ဖျားဒေသတွင် အခြေချနေထိုင်ဖွယ်ရှိသည်ဟုဆိုသည်။ ကရင်နီ၊ ကရင်၊ လားဟူနှင့် ချင်းလူမျိုး တို့သည် ကရင်နီဘာသာဖြင့် ထျေးဆတမကလိုးဆိုသည့် သဲစီးချောင်းကို ဖြတ်သန်းလာခဲ့သည်။ မြစ်ဝါမြစ်မှာ သဲအပြည့်ဖြင့် စီးဆင်းနေသော မြစ်ဖြစ်ကာ ပုဇွန်အများအပြားတွေ့ရှိနိုင်သော မြစ်လည်းဖြစ်သည်။ စာရေးဆရာ Dr Mason ၏ အယူအဆအရ အဆိုပါ သဲစီးချောင်းဆိုသည်မှာ ဂိုဘီသဲကန္တာရ (Gobi Desert) ဖြစ်နိုင်ဖွယ်ရှိသည်ဟုဆိုသည်။ ဗုဒ္ဓဘာသာ ဆရာတော်ᨵထေငညေ သည် သဲကန္တာရ ဖြတ်သန်းခဲ့သည့် သူ၏ အတွေ့အကြုံကို ပြန်လည်ရေးသားရာတွင် အလားတူအသုံးအနှုန်းကို ရေးသားရှင်းလင်းခဲ့သည်။ တိဘက်လူမျိုးတို့က အနောက်စူးစူးသို့ ရွှေ့ပြောင်းခဲ့ကြပြီး တရုတ်လူမျိုးတို့မှာမူ အရှေ့တောင်အရပ်သို့ ရွှေ့ပြောင်းခဲ့ကြရာတွင် အင်ဒိုချိုင်းနားရှိ လူမျိုးတို့မှာ တောင်ဖက်သို့ ရွှေ့ပြောင်းနေ ထိုင်ကြသည်။

Dr Laufer ၏ ထင်မြင်ယူဆချက်အရ ကရင်နီအပါအဝင် ကရင်လူမျိုးတို့သည် တောင်ဖက်သို့ ဆင်းသက်လာသော အုပ်စုတွင် ပါဝင်ခဲ့ကြသည်ဟုဆိုသည်။ မြစ်ဝါမြစမှတဆင့် ယူနန် (Yunnan) ကို ဖြတ်ကာ တောင်ဖက်သို့ ဆင်းလာကြသည်။ တောင်ဖက်အရပ်သို့ ပိုမိုရောက်ရှိသွားရန် နောက်မှ ဆင်းလာသည့် အုပ်စုများက တွန်းပို့သကဲ့သို့ ဖြစ်ခဲ့သည် တရုတ်မှ ဆင်းလာသော လူမျိုးတို့မှာ ကရင်နီနှင့် ကရင်တို့ မဆင်းသက်လာခင်ကပင် ဟိမဝန္တာအနီးတဝိုက်တွင် ရောက်ရှိနေထိုင်နှင့်ပြီးဖြစ် ကြောင်း။ မလေး၏ ချမ် (Cham)၊ မွန်(တလိုင်း)နှင့် နောက်ပိုင်း ခမာ (ကမ္ဘောဒီးယား) လူမျိုးများဖြစ်ဖွယ်ရှိကြောင်း ယူဆကြသည်။ ထိုနောက် အနမ် (Anam) နှင့် ရှမ်းလူမျိုးတို့ဆင်းသက်လာခဲ့ကြသည်။ ထိုအုပ်စုများမှာ ကရင်နီနှင့်ကရင်တို့ထက်စောပြီး ဆင်းသက်လာခဲ့သော အုပ်စုများဖြစ်နိုင်သည်။ ဗမာတို့ ရောဝတီဖြစ်ဝှမ်းဒေသသို့

ရောက်ရှိအခြေချသည့်အခါတွင် အဆိုပါ လူမျိုးများအား တောတောင်ထူထပ် သောဒေသများရှိရာသို့ တွန်းပို့အခြေချနေထိုင်စေခဲ့သည်ဟု ဆိုသည်။

ကရင်နီလူမျိုးတို့သည် အနွယ်တူကရင်အုပ်စုနှင့်အတူ အကြီးအကဲနှစ်ဦး၏ ဦးဆောင်မှုဖြင့် တောင်အရပ်သို့ ဆင်းသက်လာခဲ့သည်ဟု ကရင်နီတို့ နှုတ်ပြောရာဇဝင်ရှိပါသည်။ တစ်ဦးမှာ တရုတ်လူမျိုးဖြစ်ပြီး သူ၏အမည်မှာ ဟေးဖဲဗယာ့ပရဲ့ **(ဗျဋ်ဂီဍွဲ ဘျဟဒဧဂျဗျဒဲ)** ဖြစ်ပြီး တစ်ဦးမှာမူ ကရင်နီ လူမျိုးဖြစ်ပြီး သူ့အား ပို့ကန္နျကယားလီဖဲ **(ဧဗျဟဖအဌဍူနဟဒ အဌဍဟဌဍ္ဌလျှဗျဍ–ဂီဍွဲ)** ဖြစ်ကြပါသည်။ ဟေးဖဲ၏အဓိပ္ပါယ်မှာ တရုတ်ဖြစ်ပြီး ဗယာ့ပရဲ့ **(ဘျဟဒဧဂျဗျဒဗ်)** မှာ အကိုကြီးဖြစ်ကာ အကိုကြီးတရုတ် ဟု ဆိုလိုခြင်းဖြစ်သည်။ ပို့ကန္နျ **(ဧဗျဟဖအဌဍူနဟဒ)** အဓိပ္ပါယ်မှာ ညီထွေးဟုဆိုလိုခြင်းဖြစ်ပြီး ကယားလီဖဲမှာ ကရင်နီကို ဆိုလိုခြင်းဖြစ်ပါသည်။ ဆိုလိုရင်းမှာ ညီထွေးကရင်နီဟုဖြစ်ပါသည်။

သမိုင်းပြုစုသူ Renard ၏ The City of Pagan and Tai မှတ်တမ်းအရ ကရင်နီ အပါအဝင် အုပ်စုနှစ်စု ဆင်းလာရာတွင် စစ်တောင်းမြစ် ကိုဖြတ်ကျော်ခဲ့ကြပြီးနောက် သံလွင်မြစ်ကိုတဖန်ဖြတ်ကျော်ရင်း ပင်လယ်ကမ်းရိုး တမ်းတစ်လျှောက် စုန်ဆင်းခဲ့သည်။ ပင်လယ်ကမ်းခြေတစ်လျှောက် ပုဇွန်ကောင် များကိုတွေ့ရှိကြသဖြင့် ဖမ်းယူလျှက် အစာအဖြစ် ချက်ပြုတ်စားသောက်ကြသည်။ ပုဇွန်ကို ချက်ပြုတ်ရာတွင် ချက်လေနီလေဖြစ်ပြီး မကျက်သေးဟုယူဆသဖြင့် အကြိမ်ကြိမ်ချက်ပြုတ်ကြရာတွင် ရက်အတန် ကြာမြင့်ခဲ့သည်။ သို့ဖြစ်ရာ အကိုအုပ်စုဖြစ်သည့် ဟေးဖဲဗယာ့ပရဲ့မှာ မစောင့်ဆိုင်းနိုင်တော့သဖြင့် မိမိတို့ အလျင်သွားနှင့်မည်၊ ညီလေးတို့ ပုဇွန်စားသောက်ပြီးပါက နောက်မှလိုက်ပါခဲ့ပါ။ လမ်းခရီး အပင်များ မှတ်သားခုတ်ဖြတ်သွားပေးမည်ဟုမှာကြားလျှက် ထွက်ခွာသွားခဲ့သည်။ ကရင်နီအုပ်စုတို့မှာ ပုဇွန်များကို စားသောက်ကြရာတွင် အရသာချိုမိန်လှသဖြင့် ထပ်မံဖမ်းယူချက်ပြုတ်စားသောက်ကြပြန်လေသည်။ ထိုနေရာတွင်ပင် အတန်ကြာအောင် ပုဇွန်များကို ဝလင်စွာ ချက်ပြုတ်စားသောက်ခဲ့ကြပြီး နောက် အကိုကြီး တရုတ်နောက်သို့ ဆက်လက်လိုက်ပါရန် ထွက်ခွာလာကြသည်။ လမ်းခရီးတစ်လျှောက် အကိုကြီးအုပ်စုမှ ခုတ်ဖြတ်မှတ်သားသွားခဲ့သော ငှက်ပျောပင် များမှာ ခဏတာအတွင်း ပြန်လည်ရှည်ထွက် လာသည်ဖြစ်ရာ အဆိုပါ ငှက်ပျောပင်များမှာ အတော်ပင်ရှည်ထွက်လာပြီဖြစ်၍ ဆက်လက်လိုက်ပါကား မမှီတော့ဟု မှတ်ယူလျှက် ပုဇွန်ဖမ်းစားခဲ့ရာ အရပ်သို့ ပြန်လည်ထွက်ခွာလာကြပြီး ထိုနေရာတွင်ပင် အခြေချနေထိုင်ရန် ဆုံးဖြတ်ကြသည်။ သို့သော် ပုဇွန်မှာ ရာသီအလိုက်သာရှိပြီး တနှစ်ပါတ်လုံးအစာအတွက် ရှိမနေသဖြင့် ကယားလီဖဲအုပ်စုမှာ တဖြေးဖြေးစိတ်ဓါတ်များကျဆင်းကာ လာလမ်းအတိုင်းမဟုတ်ဘဲ သံလွင်မြစ်ကို တဖန်ဖြတ်ကျော်ကာ မြောက်အရပ်သို့ ဦးတည်ထွက်လာကြရာ လောလီလူး (ကျောက်လှုပ်တုံး) ခေါ်အရပ်သို့ ရောက်ရှိလာကြသည်။ (နောက်ပိုင်းထိုနေရာသို့ မွန်လူမျိုးများ ရောက်ရှိပြီး

ကျောက်တုံးပေါ်တွင် စေတီတဆူတည်ရှိကာ ကျိုက်ထီးရိုးစေတီဟု ယနေ့တိုင် အမည်ထွင်လေသည်) ညီထွေးကရင်နီအုပ်စုမှာ ထိုနေရာတွင် နေထိုင်စဉ် မိုးအလွန်သည်းထန်စွာ ရွာသွန်းသဖြင့် စိုက်ပျိုးသီးနှံများ မဖြစ်ထွန်းဘဲ ရှိလေရာ အစားအစာ ဖူလုံမှုမရှိခဲ့ပေ။ သို့ဖြင့် ကယားလီဖဲမှ နောက်လိုက်အချို့ကို ခေါ်ဆောင်လျက် မြောက်အရပ်သို့ ဆက်လက်ထွက်ခွာလာကြရာ အဆုံးတွင် ဒီမော့ဆိုအရပ်ကို ရောက်ရှိအခြေချကြသည်။ ထိုအရပ်တွင် လုပ်ကိုင်စားသောက်ရာတွင် မြေသြဇာကောင်းမွန်ပြီး တနှစ်စိုက်ပျိုးလျှင် သုံးနှစ်မျှ သိုလှောင်စားသောက်နိုင်သဖြင့် အောက်အရပ်တွင် ကျန်ရစ်သော ဆွေမျိုးများကို အကြောင်းကြားလေသည်။ ပထမအသုတ်အဖြစ် ကယန်းအုပ်စုသည် ဒီမောဆိုသို့ လိုက်ပါလာပြီး ဒုတိယအသုတ်အဖြစ် ကယောအုပ်စုက လိုက်ပါလာသည်။ ထိုနောက် ပကူးအုပ်စုက ထပ်မံလိုက် ပါလာကြသည်။ နောက်ဆုံးအုပ်စုအဖြစ် ပအို့ဝ်အုပ်စုမှ လိုက်ပါလာရာတွင် အခြေချနေထိုင်ရန် နေရာအလုံအလောက်မရှိသဖြင့် မြောက်အရပ်သို့ ဆက်လက်ထွက်ခွာလာရာ ယခုရှမ်းပြည်တောင်ပိုင်းတခွင်တွင် အခြေချနေထိုင် ကြရပါသည်။

ဤရာဇဝင်သည် ၁၈၇၅ ခုနှစ်က **Mc Mahon** မှတ်သားခဲ့သည့် မှတ်တမ်းနှင့် တထပ်တည်းဖြစ်ခဲ့သည်။ ကရင်နီနှင့်ကရင်အပါအဝင်တို့သည် ဗမာပြည်ထဲသို့ ဝင်ရောက်လာစဉ် တရုတ်တို့နှင့်အတူ ပါလာခဲ့ကြသည်။ သို့သော် တရုတ်တို့နောက်သို့ လိုက်မမှီခဲ့သဖြင့် နောက်ကျကျန်ရစ်ခဲ့ကြသည်။ တရုတ် တို့နှင့် လမ်းခွဲခဲ့သည့်နေရာတွင်ပင် မြို့ရွာများ တည်ဆောက်ခဲ့ကြသည်။

(သမိုင်းဆရာအချို့၏အဆိုအရ တရုတ်တို့သည် ၎င်းတို့၏ အနွယ်ဝင်အုပ်စုများအား အမွေပစ္စည်း ထားပေးခဲ့သည့် အလေ့ရှိသည့်အလျောက် ကရင်နီတို့အား စာပေအက္ခရာကို ပေးခဲ့ဟန်ရှိသည်ဟုဆိုသည်။ ၁၈၆၉ ခုနှစ်က သိက္ခာရဆရာတော် ` ဗွ်ဳ ဌေးညအသည ကြယ်ဖိုးကြီးသို့ လာရောက်ခဲ့စဉ်က စောဖျာမှ သူ့အား ကျောက်ပြားပေါ် ရေးသားထားသည့် အဆိုပါ စာပေကို ပြသခဲ့သည်။ အလားတူပင် ၁၈၈၆ ခုနှစ်တွင် လာရောက်ခဲ့သော အခြားသိက္ခာရဆရာတော် တစ်ဦးဖြစ်သူ **Dr Cross** အား ပြောပြခဲ့ကြောင်း။ သူ့အပြောအရ ကျနော်တို့သည် အနောက်ဖက်မှနေ၍ တရုတ်တို့နှင့်အတူ အတူတကွလာခဲ့ကြသည် တရုတ်အုပ်စုသည် ကျနော်တို့အုပ်စုထက် ပိုပြီးလျင်မြန်စွာ တိုးတက်ခဲ့ပြီး ကျနော်တို့လိုက်မမှီဘဲ နောက်ကျန်ရစ်ခဲ့သည်ဟု ပြောခဲ့ကြောင်း။ ကျနော်တို့ ဆင်းလာရင်း ခေတ္တရပ်နားကြကာ ယခုအင်းဝမြို့ရှိရာ နေရာတဝိုက်တွင် မြို့ရွာ ထီးနန်းများကို တည်ဆောက်ကြသည်ဟု ကရင်နီ၊ ကရင်တို့ ပြောခဲ့သည်ဟုဆိုသည်။ သမိုင်းဆရာအချို့ကလည်း ကရင်နီ၊ ကရင်တို့ နေထိုင်လာခဲ့သည့်နေရာမှာ ဗမာအင်ပါယာမြို့တော်ဖြစ်ခဲ့သော အင်းဝမြို့အနီးတဝိုက်တွင်ဖြစ်ကြောင်း ဖော်ပြကြပါသည်။ ကရင်နီတို့က အဆိုပါနေရာအား ဟိုးထဲလဲ (ရွှေမြို့တော်)ဟုခေါ်ဆိုကာ အချို့မှာ ထိုနေရာအား မန္တလေးဖြစ်ကြောင်း ဆိုခဲ့ကြသည်။ (ယနေ့တိုင် ကရင်နီတို့က မန္တလေးကို ဟိုးထဲလဲဟု

ခေါ်ဆိုပါသည်) သို့သော် ထိုအချိန်ကာလက မန္တလေးဟူ၍ မတည်ရှိသေးပါ။ Mc Mahon ကမူ ထိုနေရာမှာ ရွှေနှင့်ငွေတောင်များရှိသော မြိတ်မြို့ဖြစ်နိုင်ကြောင်း ရေးသားခဲ့ပါသည်။ အချို့စာရေးဆရာများကမူ အခြားနေရာတခုဖြစ်သည့် ပုဂံမြို့ဖြစ်နိုင်ကြောင်း ဆိုပြန်သည်။ **Mc Mahon** ၏ရေးသားချက်အရ သက်သေသာဓကကို ထောက်ချင့်ချိန်ဆ ခြင်းဖြင့် ပုဂံမြို့ဖြစ်နိုင်ကြောင်း။ အဘယ်ကြောင့်ဆိုသော် ပုဂံမြို့ ဒေသသည် တရုတ်တို့စိုးစံမင်းပြုခဲ့သော ခေတ်ကာလက ဗမာပြည်၏ နေပြည်တော်ဖြစ်ခဲ့ကြောင်းကို ငြင်းပယ်စရာမရှိပါဟု ပါရှိသည်။)စီစစ်ပြီး

## အခဏ်း ( ၂ )

### ကရင်နီပြည်အစ ဒီမော့ဆို (ငွေတောင်)က

ကရင်နီလူမျိုးတို့ တောင်အရပ်မှ မြောက်အရပ်သို့ ရွှေ့ပြောင်းရင်း ဒီမော့ဆိုမြေပြန့်တွင် လာရောက်အခြေချနေထိုင်ချိန်သည် ဘီစီ ၇၃၉ လောက်က စခဲ့သည်ဟု သမိုင်းအထောက်အထားများအချို့က ဖော်ပြထားသည်။ မွန်ဂိုးလီးယားတွင်မူ နှစ်ပေါင်း နှစ်ထောင်ခန့် နေထိုင်ခဲ့ကြောင်း မှတ်ယူကြပါသည်။ ထိုအချိန်က ကရင်နီလူမျိုးတို့စော၍ ဒီမော့ဆိုဒေသတွင် လူသူနေထိုင်သည်ကို မတွေ့ရှိရဟု ဆိုသည်။ ထိုအရပ်တွင် ကညားမော်–ညီအစ်မခုနှစ်ဖော်တို့ စိုးစံနေထိုင်ခဲ့သည်ဟု ကရင်နီလူမျိုးတို့၏နှုတ်ပြောရာဇဝင်အရ သိရပါသည်။

ကညားမော်ညီအစ်မ ခုနှစ်ဖော်စိုးစံစဉ်ကာလအတွင်း ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးမှ သားတစ် ဦးကို ထူးကဲစွာ ဖွားမြင်လေသည်။ သားကလေးအား ဖွားမြင်ပြီးလျှင်ပြီးချင်း မိခင်ဖြစ်သူမှာ သေဆုံး သွားရှာကာ အဖွားဖြစ်သူက သားကလေးကို ကြီးပြင်းသည်အထိ ပြုစုပျိုးထောင်စောင့်ရှောက်လာခဲ့သည်။ သူ့အား သျှားတူးဖဲ **(ဒှဟဍ္ဍၵယုဍ္ဍံဂါဍ္ဍဲ)** ဟု အမည်မှည့်ခေါ်ပြီး ကြီးပြင်းလာချိန်တွင် ရဲစွမ်းသတ္တိရှိပြီး ရိုးသားဖြောင့်မတ်ကာ ယောကျ်ားတို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော လူယောကျ်ားမြတ်တစ်ဦးဖြစ် လာသဖြင့် ကညားမော်အမှာ်ခုနှစ်ဖော်တို့မှ သူ့အား ဒါးစကြာတစ်လက်ကို ချီးမြောက်အပ်နှင်းလိုက်လေသည်။

ထိုအချိန်က တောင်အရပ်တွင်နေထိုင်သော ယွန်းတို့သည် မြောက်အရပ်သို့ ရွှေ့ပြောင်းကာ တိုင်းပြည်ကို တည်ထောင်လာကြသည်။ ထို့နောက် ဒီမော့ဆိုပြည်ကို မကြာခဏဆိုသလို လာရောက် ကျူးကျော်တိုက်ခိုက်ခဲ့သော်ငြားလည်း သျှားတူးဖဲမှ ဦးဆောင်တွန်းလှန်မှုကြောင့် ဒီမော့ဆိုပြည်ကို သိမ်းပိုက်နိုင်ခြင်း မရှိခဲ့ချေ။ သျှားတူးဖဲအား အပ်နှင်းထားသော ဒါးစကြာမှာ ရွှယ်လိုက်သည်နှင့် အသက်ပါ သဖြင့် ရန်သူများကို

အတုန်းအရိုးသေဆုံးစေသည်ဟုဆိုပါသည်။ (ယွန်းတို့ဒီမော့ဆိုတိုင်းပြည်အား တိုက်ခိုက်ရသည့် အကြောင်းရင်းကို ပြောဆိုသော နှုတ်ပြောရာဇဝင်ကို သီးသန့်ပြုစုထားသည်) သို့သော် ယွန်းတို့သည် ကရင်နီလူမျိုးများကို တိုက်ခိုက်မြဲတိုက်ခိုက်ခဲ့သည်။ အဆုံးတွင် တိုက်ပွဲတစ်ခု အတွင်း သျှားတူးဖဲ၏ လူယုံတော် တစ်ဦးကို လက်ရဖမ်းဆီးမိလေသည်။ ထိုလူယုံတော်အား ယွန်းတို့မှ ဒါးစကြာ်အကြောင်းကို မရမနေစစ်မေးလေရာ အဆုံး၌ ဒါးစကြာ်အား ကြက်ဖဖြူသွေးဖြင့် ပူဇော်ပသရ သည့်အကြောင်းကို ထုတ်ဖော်ပြောဆိုရတော့သည်။ ထိုလျှို့ဝှက်ချက်ကို ယွန်းတို့သိရှိပြီးနောက် သျှားတူးဖဲ၏ လူယုံတော်အား လမ်းပြအဖြစ် ခေါ်ဆောင်လျက် သျှားတူးဖဲအား ညတွင်းချင်းတိုက်ခိုက်ရန် စစ်ချီလေတော့သည်။ ယွန်းစစ်သည်တို့သည် သျှားတူးဖဲနေထိုင်ရာ နန်းတော်သို့ တိတ်တဆိတ်ချဉ်းကပ် ဝင်ရောက်ကာ ဒါးစကြာ်အား အမြဲချိပ်ဆွဲထားသည့် တိုင်တော်အား ကြက်ဖဖြူကိုသတ်လျက် ပူဇော်ပသလေသည်။ ထို့နောက် ယွန်းစစ်သည်တို့သည် နန်းတော်တွင်းဝင်ရောက်ကာ တိုက်ခိုက်မ၍ကို ပြုလေတော့သည်။ သျှားတူးဖဲအား ဇနီးဖြစ်သူမှ ယွန်းတို့ဝင်ရောက်လာနေပြီဆိုသည်ကို ပြောဆိုသော်လည်း ဒါးစကြာ်အား အယုံကြီးလျှက် ခရုမစိုက်ဘဲ ရှိခဲ့သည်ဟု ဆိုသည်။ ယွန်းစစ်သည်တို့ သူ၏အခန်းတံခါးတွင်းသို့ ဝင်ရောက်လာမှသာ တိုင်တော်၌ ချိပ်ဆွဲထားသော ဒါးစကြာ်ကို လှမ်းဆွဲလေသည်။ သို့သော် ဒါးမှာ ဒါးအိမ်မှ နှုတ်မရဘဲမြဲမြံနေလေရာ ဒါးစကြာ်အား ဝှေ့ရမ်းပြီး ရန်သူကို ခုခံလေသည်။ ယွန်းစစ်သည်အတော်ပင် သေဆုံးပေသည်။ ထိုနောက် သျှားတူးဖဲမှာ ဒါးအား ဒါးအိမ်မှ နှုတ်မရသဖြင့် ဒေါသဖြစ်ကာ ဒါးကို အားကုန်လွှဲခုတ်လိုက်သည်တွင် ဒါးမှာ လက်မှလွတ်ထွက်သွားပြီး မြေပြင်သို့ ထိုးကျသွားလေသည်။ အဆိုပါ ဒါးစကြာ်ထိုးကျသွားသောနေရာတွင် မြေပြင်မှာအက်ကွဲပြီး ရေကန်တစ်ခုအဖြစ် ပေါ်ထွန်းလာလေသည်။ (ထိုကန်သည် ယနေ့တိုင် နန်းမယ်ခုံအနောက်ဖက်တွင် တည်ရှိဆဲဖြစ်သည်)။ သျှားတူးဖဲမှာလည်း မိမိကိုယ်ကို လိပ်တစ်ကောင်အသွင်ကူးပြောင်းလျက် ထိုကန်တွင်းသို့ ထိုးဆင်းသွားလေသည်။ ဤအချင်းအရာကို ယွန်းတို့မြင်တွေ့သော် ကွန်ဖြင့် လိပ်ကိုလိုက်လံဖမ်းဆီးလေသည်။ အဆုံးတွင် လိပ်ကိုလက်ရဖမ်းဆီးမိပြီး ချက်ပြုတ်စားသောက်ကြကာ အရိုးများကို မြေပြင်တွင် စွန့်ပစ်ခဲ့ကြလေသည်။ ယွန်းတို့စွန့်ပစ်ခဲ့သော လိပ်ရိုးများမှာ တောဝက်တစ်ကောင်အဖြစ်သို့ ကူးပြောင်း သွားလေသည်။ ထိုနောက် အခြားသော တောဝက်များကို စုရုံးလျက် ယွန်းတို့စိုက်ပျိုးသီးနှံပင်၊ စပါးစိုက်ခင်းများကို ဖျက်ဆီးလေသည်။ တောဝက်များကို ယွန်းတို့ နှစ်အတန်ကြာအောင်ပင် တိုက်ခိုက်နှိမ်နင်းခဲ့ရပြီး အဆုံးတွင် သျှားတူးဖဲမှ တောဝက်အသွင်ပြောင်းခဲ့သော တောဝက်ကြီးကိုလက်ရဖမ်းဆည်းမိကာ တဖန်ချက်ပြုတ်စားသောက်ကြပြန်လေသည်။ စားသောက်အပြီး တောဝက်သအရိုးများကို မြေပြင်တွင် စွန့်ပစ်မြဲစွန့်ပစ်ခဲ့လေသည်။ ထိုတောဝက်ရိုးများမှာ မျောက်ကြီးတစ်ကောင်အဖြစ်သို့ ကူးပြောင်းသွားပြန်လေသည်။ ထိုမျောက် ကြီးမှာ အခြားသော မျောက်အပေါင်းကိုစုစည်းကာ ယွန်းတို့ လယ်ယာ မြေစိုက်ပျိုးသီးနှံ များကို ဖျက်ဆီးကြပြန်သည်။ သို့ဖြင့် ယွန်းတို့သည် မျောက်များကို တိုက်ခိုက်နှိမ်နင်းရပြန်ရာ

အဆုံးတွင် မျောက်ကြီးကို လက်ရဖမ်းဆည်းမိပြီး ချက်စားကြ ပြန်သည်။ ဤတကြိမ်တွင် မျောက်ရိုးများကို မြေပြင်တွင်မစွန့်ပစ်ကြတော့ဘဲ နီးဖြင့် သစ်ပင် ပေါ်ချည်နှောင်ထားခဲ့ကြလေသည်။ ထိုမျောက်ရိုးများမှာ မွှေးကြိုင်သော သဇင်ပန်းအဖြစ် ပြောင်းသွားလေသည်။ ထိုအချိန်မှစပြီး ကရင်နီလူမျိုးတို့မှာ သဇင်ပန်းများကို သျှားတူးဖဲ အရိုးအဖြစ် မှတ်ယူကြပြီး သျှားတူးဖဲ၏ ဘဝသုံးဆက်ကူးပြောင်းသွားသည့် အကြောင်းကို တေးသီချင်းဖြင့် သီကျူးဖွဲ့ဆိုထားသည်ကို ယနေ့တိုင်သီဆိုလေ့ရှိပါသည်။

ယွန်းတို့မှ ဒီမော့ဆိုပြည်ကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ရက်စက်စွာ ကရင်နီပြည်သူများကို ဖိနှိပ်အုပ်ချုပ်လေသည်။ လယ်ယာထွန်ယက်ခြင်း၊ သတ္တုတူးဖော်ခြင်းနှင့် တာတမံဆောက်လုပ်ခြင်း အလုပ်များကို ကရင်နီလူမျိုးတို့ကို ကျွန်သဖွယ် ခိုင်းစေလေသည်။ ဆန်စပါးများ အဆမတန်အခွန်အဖြစ် ကောက်ခံလေသည်။ ထိုသို့ နှစ်ပေါင်းတစ်ရာနီးပါးမျှ ကရင်နီလူမျိုးတို့ ဖိနှိပ်အုပ်ချုပ်မှုကိုခံခဲ့ရပြီး လွတ်မြောက်ရန် လမ်းစများကို ရှာဖွေလာ ကြသည်။ တရက်တွင် ယယ်ရယ်အမည်ရှိ လူငယ်တစ်ဦးသည် ဖိုးဒီးခရီး **([illegible])** ဟုအမည်မှည့်ခေါ်သော တောင်းတလုံးဖြင့် လူရုပ်ဖန်တီးလျှက် အသက်ဝင်အောင် ပြုလုပ်လေသည်။ ထိုနောက် ယွန်းဘုရင်ထံသွားရောက်ပြီး ဤသို့၍တောင်းလျှောက်လေသည်။ ယခုအခါ တွင် မိမိတို့ဖာသာ ကိုယ့်ရှင်ဘုရင်နှင့်ကိုယ်ရှိပြီဖြစ်သဖြင့် ယွန်းတို့ထံ ကျွန်သဖွယ်အလုပ်လုပ်ပေးခြင်း၊ အခွန်ပေးဆောင်ခြင်းပြုလုပ်ရန် မလိုတော့ဟု ပြောလေရာ ယွန်းဘုရင်မှာ အလွန်ဒေါသဖြစ်လျှက် ကရင် နီလူမျိုးများကို စစ်ပြုရန် ပြင်ဆင်လေသည်။ စစ်ချီလာသော ယွန်းစစ်သည်များကို ယယ်ရယ်က မိမိတို့၏ဘုရင်ဟု ဖိုးဒီးခရီး တောင်းလူနတ်ရုပ်ကို ညွှန်ပြလိုက်ရာ ယွန်းစစ်သည်များက ပြက်ရယ်ပြုလျှက် တောင်းကိုကန်ကြောက်ချေဖျက်ပစ်လေသည်။ ယွန်းစစ်သည်တို့ တောင်းရုပ်အား စိတ်ကျေနပ် သည်အထိ ချေဖျက်ပြီးသည့်နောက် စစ်ပြန်ရာတွင် လမ်းခရီး၌ ရောဂါဘယကပ်ဆိုက်ပြီး ဝမ်းရောဂါကျရောက်လေရာ ခြေကုန်လက်ပန်းကျကာ အတုန်းအရိုးသေကြေကြလေသည်။ ဤအဖြစ်ကို မြင်တွေ့သော ကရင်နီလူမျိုးတို့သည် ရရာလက်နက်ကိုဆွဲကိုင်လျှက် ယွန်းတို့အား လိုက်လံတိုက်ခိုက်ခြင်း ခြုံခုံတိုက်ခိုက်ခြင်း ပြုလေတော့သည်။ နန်းတွင်းရှိ ယွန်းတို့ ဘုရင်ပင်လျှင် ဝမ်းရောဂါကျရောက်လျှက် သေဆုံးခဲ့လေသည်။ အဆုံးတွင် ယွန်းတို့သည် အရှုံးဖြင့် မြောက်အရပ်သို့ ဆုတ်ခွာထွက်ပြေးကြလေတော့သည်။ ယွန်းတို့ ဆုတ်ခွာသွားပြီးသည့်နောက် ယွန်းတို့၏ လက်မှုပိုးထည်အတတ်ပညာရပ်များ ပျောက်ကွယ်သွားမည်ကို ကရင်နီတို့စိုးရိမ်လာကြသဖြင့် မြောက်အရပ်သို့လိုက်ပါလျှက် ယွန်းပညာသည်များကို ခေါ်ဆောင်လာခဲ့ကြပြီး ငွေတောင်တွင် ကောင်းမွန်စွာ အခြေချနေထိုင်စေလေသည်။ (နောင်တွင် ဒီမော့ဆိုမှာ ငွေတောင်ပြည်ဟု အမည်ထွင်လာခဲ့ဟန်ရှိသည်)။ ယွန်းတို့ ကရင်နီဒီမော့ဆိုပြည်ကို အောင်နိုင်ခဲ့ပြီးနောက်တွင် နတ်သမီးအမွှာခုနှစ်ဖော်တို့မှာ တောင်ပေါ်အရပ်သို့ ပျောက်ကွယ်သွားကြသည်ဟု ကရင်နီတို့က ယုံကြည်နေကြပါသည်။ သို့ဖြစ်၍ ငှက်ကြီး **([illegible])** တို့ တနှစ်တကြိမ် တောင်ပေါ်တွင် စုရုံးလေ့ရှိကြသည်ကိုမြင်သဖြင့် ကရင်နီတို့သည် တနှစ်တကြိမ် နွေရာသီ၌ မြင့်မားသော ထင်ပေါ်သည့်

တောင်ထိပ်များသို့ စုရုံးကာ ပူဇော်ပသမှုပြုကြသည်မှာ နတ်သမီးအမွှာခုနှစ်ဖော်တို့ တောင်ပေါ်အရပ်တွင် စိုးစံနေကြဆဲရှိသည်ဟူသော ယုံကြည်မှုကို အခြေပြုသည်ဟု ဆိုပါသည်။

---

## ယွန်းတို့မှ ကရင်နီပြည်အား စစ်ပြုရသည့် နှုတ်ပြောရာဇဝင်ကို လေ့လာခြင်း

ဖိုးပြားအမည်ရှိသော မိဘမဲ့ ကရင်နီအမျိုးသားလေးသည် အဖွားဖြစ်သူနှင့်အတူ နေထိုင်ကြီးပြင်းသူဖြစ်ကာ နေ့စဉ်တောထွက်အမဲလိုက်လေ့ရှိပါသည်။ သူ၏မိဘများမှာ စံစောနှင့် ဖလောမူးတို့ ဖြစ်သည်ဟုဆိုပါသည်။ တနေ့သောအခါ တောလိုက်ရင်း သစ်ငုတ် တိုတတိုနှင့် သေတ္တာတလုံးတွေ့ရှိခဲ့သည်။ တနေဝင်သော်လည်း မည်သည့်တောကောင်မျှ မရရှိဘဲ ပြန်ခဲ့ရသည်။ အိမ်မပြန်မီ သစ်ငုတ်တိုနှင့် သေတ္တာကို ခေတ္တာပြန်ကြည့်သည့်အခါ သစ်ငုတ်တိုမှာ နဂိုမူလအတိုင်းမဟုတ်တော့ဘဲ ကြီးထွားလာပြီး သေတ္တာကို ဖုံးအုပ်လေသည်။ အိမ်ရောက်သော် အဖွားဖြစ်သူအား ထိုအဖြစ်အပျက်ကို ပြောပြလေသည်။ နောက်တနေ့တွင် အဖွားဖြစ်သူက သစ်ငုတ်တိုအား ပုလိုင်းတလုံးဖြင့် သွားရောက်ဖုံးအုပ်ထားရန် ဖိုးပြားကိုမှာကြားလေသည်။ ဖိုးပြားမှာ အဖွားဖြစ်သူမှာကြားသကဲ့သို့ သစ်ငုတ်အား ပုလိုင်းဖြင့် သွားရောက်ဖုံးအုပ်ပြီး တောဆက်လိုက်လေသည်။ ထိုနေ့တွင်လည်း အလားတူတောကောင်မရဘဲ ပြန်လာပြီး သစ်ငုတ်တိုအား ခေတ္တဝင်ရောက်ကြည့်ရှုရာ သစ်ငုတ်တိုကရှည်ပြီး သေတ္တာကို ဖုံးအုပ်ပြန်သည်ကို တွေ့ရသည်။ အဖွားဖြစ်သူက တဖန်ပိုမိုကြီးမားသော ပုလိုင်းတလုံးဖြင့် သွားရောက်ဖုံးအုပ်ရန် မှာလိုက်ပြန်ရာ ဖိုးပြားသည် အဖွားမှာကြားသည့်အတိုင်းပြုလုပ်ပြီး တောဆက်လိုက်မြဲ ဆက်လိုက်လေသည်။ အဆိုပါနေ့တွင်လည်း မည်သည့်တောကောင်မျှ မရရှိဘဲ ပြန်ရပြန်လေသည်။ သို့ဖြစ်၍ ဖိုးပြားမှာ ဝက်တကောင်သတ်ကာ ထိုသစ်ငုတ်တိုအား ဆူကေ့ **([illegible])** နတ်ပူဇော်ခြင်းကို ပြုလုပ်လေသည်။ အဖွားဖြစ်သူက အခြားသူများအား သူ၏မြေးဆူကေ့ နတ်ပူဇော်ပွဲပြုလုပ်သည်ကို သွားရောက်ပြောပြလေရာ လူအများက နောက်တနေ့တွင် သစ်ငုတ်တိုကို သွားကြည့်သောအခါ သစ်ငုတ်တိုအုပ်ထားသော ပုလိုင်းမှာ ရွှေဌာပနာကြုတ် ဟိုးထဲ **([illegible])** တခုဖြစ်လာသည်ကို တွေ့ရသည်။ ထိုအခါ လူအများက ပျော်မြူးလျှက် ဖားစည်ပုံမောင်းတီးခတ်ကခုန်တေးသီဆိုကြသည်ဟုဆိုသည်။ ထိုနေရာအား နောင်တွင် ဟိုးထဲလဲ **([illegible])** ဟုခေါ်ဆိုသည်။ ယခုအခါ အများမှ မွန္တလေးဟု သိရှိလာသည့် နေရာပင်ဖြစ်သည်။ ထိုအ ချိန်မှစ၍ အဆိုပါရွှေဌာပနာကြုတ်ကို ကရင်နီလူမျိုးတို့က အထွဋ်အမြတ်ထားရှိသေခဲ့ကြသည်။

ကရင်နီလူမျိုးတို့ ထိုသို့ ရွှေဌာပနာကြုတ်လက်ဝယ်ရှိသည်ကို ယွန်းတို့ သိရှိလေသော် မနာလိုစိတ်ဖြစ်ပြီး ကရင်နီတို့ထံမှ ခိုးယူနိုင်ရန် ကြံစည်လေတော့သည်။ ဤသည်မှ

အစပြုပြီး ယွန်းတို့က ကရင်နီပြည်ကို စစ်ချီခဲ့သည်။ စစ်ပွဲများအတွင်း ကရင်နီတို့က ဒူးလေးများကို အသုံးပြုခဲ့ကြပြီး ယွန်းတို့မှာမူ တူမီးသေနတ်များကို ကိုင်စွဲတိုက်ခိုက်ခဲ့ကြသည်။ ယွန်းစစ်သည်တို့မှာ အများအားဖြင့် လှေများဖြင့် ချောင်းမှချီတက်လေ့ရှိသဖြင့် ကရင်နီတို့က ရေကြောင်းမှတဆင့် ခြုံခိုတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ယွန်းတို့နှင့် စစ်ဆင်ရာတွင် ကရင်နီတို့သည် လေးကြိုးအား ရေထဲသို့ စိမ်ချပြီးပစ်ခတ်လေ့ရှိသည်ကို ယွန်း တို့က သတိပြုမိလေသည်။ စစ်ပွဲတိုင်းတွင် ယွန်းစစ်သည်တို့ အတုန်းအရုံးကျဆုံးလေသည်။ သို့ဖြင့် ကရင်နီတို့က လေးကြိုးအား ရေထဲစိမ်ချသကဲ့သို့ ယွန်းစစ်သည်တို့ကလည်း တူမီးသေနတ်ကို ရေထဲစိမ်ချလေသည်။ ထိုသို့စိမ်ချပြီးသော် တူမီးသေနတ်မှာ ပစ်ခတ်၍မရတော့ဘဲ ဖြစ်နေလေတော့သည်။ အ ဆုံးတွင် ယွန်းတို့စစ်ရှုံးများလာသဖြင့် စစ်ရပ်စဲရန် ကမ်းလှမ်းခဲ့ပြီးနောက် ဒူးလေးနှင့် တူမီးသေနတ်တို့ လဲလှယ်ရန် ပြောဆိုလေသည်။ ထိုသို့ လဲလှယ်ရန် ကရင်နီတို့ကလည်း သဘောတူခဲ့သည်။

ဤသို့ လက်နက်များလဲလှယ်ပြီးနောက် ယွန်းတို့က တဖန်စစ်ကျေညာပြန်လေသည်။ ကရင်နီတို့က တူမီးသေနတ်ကို မည်သို့အသုံးပြုရမည်ကို သိထားနှင့်ပြီးဖြစ်သဖြင့် ရေထဲစိမ်ချခြင်းမပြုဘဲ ယမ်းကို နေပူထဲတွင် ကောင်းမွန်စွာ အခြောက်လှန်းလေသည်။ သို့နှင့် စစ်ပွဲစတင်သည်နှင့် ပစ်ခတ်ရာတွင် ယွန်းစစ်သည်တို့ပင် အကျအဆုံးများပြားကားပြန်သည်။ ယွန်းတို့မှ ကရင်နီတို့ထံမှ ရွှေဥာပနာ ကြုတ်ကို မရနိုင်သဖြင့် အခဲမကြေနိုင်ဖြစ်လေသည်။ သို့ဖြင့် ယွန်းတို့က ကရင်နီတို့နှင့် အလောင်းအစားပြုလုပ်လေသည်။ ကရင်နီတို့အား စေတီတဆူရှာဖွေစေသည်။ ကရင်နီတို့က စေတီအား ဦးစွာရှာ ဖွေတွေ့ရှိခဲ့ပါက အနိုင်ရမည်ဖြစ်ပြီး မတွေ့ရှိခဲ့ပါက အရှုံးပေးပြီး ရွှေဥာပနာကြုတ်ကို ယွန်းလက်သို့၌ ပေးအပ်ရမည်ဟု ပြောလေသည်။ ထိုအလောင်းအစားကို ကရင်နီတို့က သဘောတူလက်ခံသည်။ ယွန်း တို့ကမူ ဝါးဖြင့်စေတီတဆူကိုတည်လေပြီး ဆောလျင်စွာပြီးစီးသဖြင့် မိမိတို့အနိုင်ရကြောင်း ကျေညာလေသည်။ သို့ဖြင့် ကရင်နီတို့ကလည်း ဟိုးထဲလဲ ရွှေဥာပနာကြုတ်ပွဲတော်ကို ကျင်းပဆင်နွဲရာ လူအများ တို့မှ လာရောက်ဆင်နွဲကြပြီး ယွန်းတို့တည်တော်မူသော ဝါးစေတီပွဲတော်သို့၌ တစ်ဦးတစ်ယောက်မျှ မသွားရောက်ဘဲ ရှိလေသည။

သို့နှင့် တဖန်စစ်ဖြစ်ပွားကြပြန်လေရာတွင် စစ်နိုင်သူက ရွှေဥာပနာတိုက်ကို ပိုင်ရမည်ဟု သဘောတူခဲ့ကြပြန်သည်။ ကရင်နီတို့က ကျောက်ခဲလုံးကို ခြုံစောင်နီဖြင့် ချည်နှောင်ပြီး ယွန်းတို့ကမူ တုတ်ကြီးများကို အသုံးပြုလေသည်။ ကရင်နီတို့က စောင်နီဖြင့် ချည်ထားသော ကျောက်ခဲလုံးဖြင့်လွှဲရိုက်ဆွဲလှဲရင်း ယွန်းစစ်သည်များကို သတ်လေသည်။ စစ်ပန်းလာသဖြင့် ယွန်းတို့က စစ်ရပ်ရန် တောင်းဆိုပြန်သည်။ မကြာမတင် ထပ်မံစစ်ဖြစ်ရန် ချိန်းဆိုကြပြန်သည်။ စစ်ပွဲတွင် ကရင်နီတို့က ကြိမ်တုတ်ကို အသုံးပြု၍ ယွန်းတို့က သံချောင်းကို အသုံးပြုလေသည်။ ယွန်းတို့က စစ်ရှုံးပြန်လေရာ စစ်ရပ်ပြီး သံချောင်းနှင့် ကြိမ်တုတ်လဲလှယ်ရန် ကမ်းလှမ်းပြန်သည်။ ကရင်နီတို့ကလည်း သဘောတူလက်ခံသည်။ ဤတကြိမ်တွင် စစ်အောင်နိုင်သူက ရွှေဥာပနာတိုက်ကို အပိုင်ယူရမည်ဟု သဘောတူခဲ့

ကြသည်။ ကရင်နီတို့သည် လေးလံသော သံချောင်းဖြင့် ယွန်းတို့အား ရိုက်ပြီးအနိုင်မယူနိုင်တော့ဘဲ ယွန်းတို့အား ရွှေဥပနာတိုက်ကို ပေးအပ်လိုက်ရလေသည်။ ထိုသို့ဖြင့် ကရင်နီတို့ ဆိုရိုးစကားတွင် **ဧၢမ့ၢဒ်ဒ့မ့ၢခ ဧလ့ၢမ့ၢခဲပ်ဂ္ဂ္ ဆဲၣဟဲၣဧလ့ၢမ့ၢခီၢ်မ့ၢဆမ့ၣ**ယွန်း လျှာရှည်။ ကရင်နီလျှာတိုဟု ပြောစမှတ်ရှိလာသည်။

## အခန်း (၃)

### ယွန်းများမောင်းထုတ်ပြီးနောက်ပိုင်း ဒီမောဆိုကေ့မှ ကရင်နီပြည်သို့

ယွန်းများကို မောင်းထုတ်နိုင်ခဲ့ပြီးနောက် ဒီမော့ဆိုကေ့သည် ကယားလီကေ့ဟူ၍ အမည်ထွင်လာသည်။ ယွန်းများကို မောင်းထုတ်ခဲ့သည့်အချိန်မှာ ၈–ရာစုလောက်က ဖြစ်ဖွယ်ရှိသည်ဟုမှတ်ယူသည်။ နောင်တွင် ဗမာပြည်အား အင်္ဂလိပ်တို့မှ သိမ်းပိုက်အုပ်ချုပ်ပြီး ကယားလီကေ့ အကြီးအကဲများနှင့် သံတ မန်အဆက်အသွယ်ပြု လုပ်ခဲ့ရာတွင် ကယားလီဟူသော အခေါ်အဝေါ်မှ ကရင်နီဟူ၍ အင်္ဂလိပ်နှင့် ဗမာ ဘာသာအခေါ်အဝေါ် စပ်ယှက်ကာ အမည်ယွင်းလာခဲ့သည်။ တိုင်းပြည်ကို စောဖျာ ဟူသော အကြီးအကဲများရွေးချယ်ကာ အုပ်ချုပ်စေသည်။ ပထမဦးဆုံး စောဖျာအဖြစ် မင်းမြောက်ခံရသူမှာ ဖိုးပြား ခေါ်ဖိုး ပြားဒ ဖြစ်သည်ဟုဆိုသည်။ ဖိုးပြား အမည်မှ ဖိုးပြားဒ အမည်ထွင်လာသည်မှာ ရွှေဥပနာတိုက် အငြင်းပွားမှုနှင့်ပါတ်သက်ပြီး ခြေထောက်တွင် ဒါးခုတ်ခံရသဖြင့် ခြေတဖက်မသန်ဖြစ်သွားခဲ့ရာမှ အမည်ပြောင်းလဲသွားခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော် ဖိုးပြားဒမင်းဖြစ်လာသည်မှာ ၁၈ ရာစုလောက်က ဖြစ်ပြီး ဘောလခဲနယ်ကို မင်းပြုလျှက် အခြားသော နယ်များဖြစ်သည့် ကန္တာရဝတီ၊ ကြယ်ဖိုးကြီး၊ နန်းမယ်ခုံနှင့် နောင်ပုလဲ နယ်များလည်း သူ၏အုပ်ချုပ်မှုအောက်တွင် ရှိခဲ့ကာ ၅၀ မြောက် ဘောလခဲမင်းဖြစ်သော ဖိုးဖြူလှလက်ထက်ရောက်မှ နယ်အသီးသီးအဖြစ်သို့ ခွဲထွက်သွားကြသည်ဟုဆိုသည်။ (နယ်မြေအကျယ်အဝန်းအားဖြင့် ကန္တာရဝတီနယ်မှာ ၂၅၀၀ စတုရန်းမိုင်၊ ကြယ်ဖိုးကြီးမှာ ၃၅၀ စတုရန်းမိုင်၊ ဘောလခဲမှာ ၂၀၀ စတုရန်းမိုင်၊ နန်းမယ်ခုံမှာ ၅၀ စတုရန်းမိုင်နှင့် နောင်ပုလဲမှာ ၃၀ စတုရန်းမိုင် အသီးသီးရှိသည်။ ဤဖော်ပြမှုမှာ ဤန္တကစစနမဘကမာဧ ႕ဖေနအအနနမ မှ ဖော်ပြချက်ဖြစ်ပြီး လက်ရှိ ကရင်နီ၏ နယ်နိမိတ်အကျယ် အဝန်းထက်များစွာသေးငယ်နေသည်ကို တွေ့ရသည်။ လက်ရှိနယ်မြေအကျယ်အဝန်းမှာ ၄၅၈၂ စတုရန်းမိုင်ဖြစ်သည်။ ထို့အပြင် ႏခ ႏ့သေည ရေးသားသည့် ဤန ႐မေနည္ သည အ့န ႕သိူနည ဃ့နမျသညန္ဂျန စာအုပ်တွင်မူ ၇၂၀၀ စတုရန်းမိုင်ရှိသည်ဟု ဖော်ပြထားပြန်သည်။)

ဖိုးပြားဒစောဖျာစိုးစံစဉ်ကာလတွင် တလိုင်းမင်းမျိုးမင်းနွယ်သွေးပါသည်ဟုဆိုသော မောင်ပုန် (ႏကေညါ ႕သည) ဆိုသူ ဖိုးပြားဒထံရောက်ရှိအခြေချနေထိုင်လာကာ တဖြေးဖြေးနှင့် မင်းမှုစီမံရေးရာ များတွင် ဝင်ရောက်လာသဖြင့် ဖိုးပြားဒမှ နယ်တနယ်တွင်

မင်းနှစ်ပါးအတူတကွ စိုးစံမင်းမူ၍ မသင့်တော်ဟုဆိုလျှက် ၎င်းအား ကြက်ဖဖြူ တကောင် ပေးအပ်ကာ အရှေ့စူးစူးသို့ ထွက်ခွာစေပြီး ကြက်ဖ စတင်တွန်သံပေးသည့်အရပ်တွင် အခြေပြုနန်းစိုက်စိုးစံရန် မှာလိုက်သည်ဟု ကရင်နီတို့၏ နှုတ်ပြောရာဇဝင်က ဆိုပါသည်။ အခြားသော သမိုင်းဆရာများ၏ မှတ်တမ်းတွင်မူ အသေးစိပ်ထိုသို့ ဖော်ပြထားခြင်း မရှိပါ။ သို့သော် အလားတူ သမိုင်းကိုမူ ရေးသားကြပါသည်။

သို့ဖြင့် မောင်ပုန် (ဗမာသမိုင်းဆရာများကမူ မောင်မောင်ဖုန်းဟု ခေါ်ဆိုသည်) သည်စောလုံ အရပ်သို့အရောက် တညတာအိပ်စက်နားစဉ် နံနက်မိုးသောက်တွင် ကြက်ဖတွန်သံမြည်သဖြင့် ထိုအရပ်တွင်ပင် ထီးနန်းစိုက်ကာ ပွန်ချောင်းအရှေ့အရပ်ရှိ ပြည်သူပြည်သားများကို အုပ်ချုပ်မှု စတင်လေသည်။ ဤသည်မှစပြီး အနောက်ကရင်နီနှင့် အရှေ့ကရင်နီဟူ၍ ဖြစ်ပေါ်လာသည်။ အနောက်နှင့်အရှေ့ကရင်နီ တို့မှာ ၁၉၄၈ ခုနှစ်တိုင် အောင် သီးခြားလွတ်လပ်စွာ ရပ်တည်လာခဲ့သော နယ်မြေများဖြစ်ကြောင်း သမိုင်းတစ် လျှောက်လုံးတွင် သိသာထင်ရှားစွာ ဖော်ပြထားပါသည်။ အရှေ့ကရင်နီမှာ ဗမာမင်းများနှင့် မဟာမိတ်ပြုဆက်ဆံမှုပြုသည်မှတပါး ဗမာလွှမ်းမိုးမှုအောက်ကျရောက်ခြင်း မရှိခဲ့ပါ။ အနောက်ကရင်နီမှာမူ ၁၈၇၅ ခုနှစ်က အင်္ဂလိပ်ဘုရင်ခံနှင့် ဗမာမင်းတို့ချုပ်ဆိုသော စာချုပ်အရ လွတ်လပ်သည်ဆိုသည်မှာ အထင်အရှားပင်ဖြစ်သည်။ သမိုင်းအချို့က ဖော်ပြသကဲ့သို့၌ အရှေ့ကရင်နီနှင့် အနောက်ကရင်နီ နှစ်ခုစလုံးမှာ အင်္ဂလိပ်တို့မှ ဆာနဒ်ဥပဒေဖြင့် ချုပ်ကိုင်ထားသည်ဟု ဆိုသော်လည်း အင်္ဂလိပ်တို့အုပ်ချုပ် ရေးအာဏာစက်မည်သည့်အခါမျှ ကျရောက်ခြင်း မရှိခဲ့ပါ။

မောင်ပုန်သည် အရှေ့ကရင်နီ၏ အကြီးအကဲတစ်ဦးအဖြစ် စတင်အုပ်ချုပ်ရာတွင် မိမိကိုယ်မိမိ ကရင်နီယဉ်ကျေးမှုဓလေ့ကဲ့သို့ပင် ပြုမူကျင့်ကြံနေထိုင်လျှက် ဘိုဖိုးဒူ **([illegible])** ဟူသော ဘွဲ့အမည်ကို ခံယူလေသည်။ ဗမာများက ဖဲ့ဖော်ကြီးဟု ခေါ်လေသည်။ ဘိုဖိုးဒူ (ဖဲ့ဖော်ကြီး)သည် အသက် ၉၁ နှစ်အရွယ် ၁၈၅၄ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ကာ သားနှစ်ဦးမှ ၎င်း၏အရိုက်က်အရာကို ဆက်ခံသည်။ (အမည် ဖော်ပြခြင်းမရှိပါ)။ သို့သော် သားနှစ်ဦးမှာ သားထွန်းကားခြင်းမရှိဘဲ သေဆုံး ကြသဖြင့် ဘိုဖိုးဒူ၏ ဒုတိယမြောက်ဇနီးမျိုးဆက်မှ မြေးတော်သူ စဝ်လဖော်က နန်းဆက်ခံလေသည်။ အနောက်ကရင်နီ ကြယ်ဖိုးကြီးစောဖျာကေးဖိုးဒူမှာ ၁၈၆၈ ခုနှစ်တွင် ကွယ်လွန်ပြီး သားဖြစ် သူ ခွီးတီနှင့် ခွီးသျှားတို့မှ အရိုက်အရာဆက်ခံသည်။

## အပိုဒ်–၂

## ဗမာဘုရင်များမှ ကရင်နီပြည်ကို စစ်ပြုခြင်း (၁၉၄၈ ခုနှစ် မတိုင်မှီကာလ)

၁၈၁၁ ခုနှစ်တွင် ဗမာအင်းဝဘုရင်မှ ရမည်းသင်းဝန်အား ကရင်နီပြည်ကို စေလွှတ်ပြီး ကေးဖိုးဒူထံတွင် ကေးလျားအမည်ရှိ ပတ္တမြားတလုံးကို ဝယ်ယူစေသည်။

ပတ္တမြားလုံး အရောင်းအဝယ်မျှခဲ့ကြ ပြီးနောက် ဗမာတို့သည် ပတ္တမြားလုံးမှာ အစစ်အဟုတ် အတုသာဖြစ်သည်ဟု ရမယ်ရှာအပြစ်ပြောပြီး စစ်ပြုခဲ့သည်။ ၁၈၂၀ တွင် ဗမာတို့က မိုးဗြဲ၊ စကွယ်စကားနယ်များကို သိမ်းပိုက်ပြီး ကံလွိုင်အား အုပ်ချုပ်စေသည်။ ၁၈၂၃ ခုနှစ်တွင် ကရင်နီတပ်က မိုးဗြဲ၊ စကွယ်စကားနယ်များကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်ရယူပြီး မိုးဗြဲမှ နယ်သူနယ်သားများက ကံလွိုင်ကို နယ်နှင်ပစ်လိုက်သည်။ ၁၈၃၅ ခုနှစ်တွင် ဗမာတပ်များက ကရင်နီကို ထပ်မံလာရောက်တိုက်ခိုက်သည်။ သို့သော် မအောင်မြင်ခဲ့ပါ။ ၁၈၃၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဘို့ဖိုးဒူ (ဖာ့ဖော်ကြီး)မှ ဦးဆောင်ကာ မိုးဗြဲရှိ ဗမာတပ်ကို သွားရောက် တိုက်ခိုက်ခဲ့သည်။ ၁၈၄၅ ခုနှစ်တွင် အင်းဝဘုရင်သည် မိုးဗြဲ၊ စကားနယ်များကို ဝင်ရောက်သိမ်းပိုက်ပြီးနောက် ခွန်ဆာအား ဦးဆောင်စေလျှက် ကရင်နီပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်စေသည်။ ကရင်နီ တပ်ဖွဲ့က ခွန်ဆာအား မိုဆိုအထက် ထီးတော်ကူးတွင် လက်ရဖမ်းဆီးမိပြီး ထျေးပေါ်ကူးအင်းတွင် မြေ မြှုပ်သတ်ပစ် ခဲ့သည်။

ကရင်နီလူမျိုးနဂိုမူလအခြေချနေထိုင်ခဲ့သည့် ဟိုးထဲလဲ (မွန္တလေး)အရပ်မှ နောက် ရောက်ရှိအခြေချ နေထိုင်သော ဗမာလူမျိုးတို့မှ Mc Mahon နှင့် Mr Cross တို့ဖော်ပြခဲ့သကဲ့သို့ တိုက်ခိုက်ခဲ့သဖြင့် ရွှေ့ပြောင်းနေထိုင်ရရာမှ ယခုကရင်နီ အရပ်သို့ ယနေ့တိုင် အခြေချနေထိုင်ခဲ့ဟန်ရှိသည်။ Mr O'Riley ကမူ အနောက် တောင်အရပ်တွင် ခိုလှုံရန် ရှေ့ရှုပြီး သီးနှံစိုက်ပျိုးချိန်တကြိမ်မျှသာ ရှိသေးသည့်အခါတွင် ဗမာတို့က လာရောက်တိုက်ခိုက်ခဲ့သဖြင့် ယခုနေထိုင်ရာအရပ်သို့ ရွှေ့ပြောင်းလာခဲ့ရာတွင် အခြားသော အတူတကွစုပေါင်းအခြေချနေထိုင်ခဲ့သော လူမျိုးစုများနှင့် ကွဲကွာခဲ့ရသည်ဟု မှတ်ချက်ပြုပါသည်။

မင်းတုန်းမင်း၏ သားတော်နှစ်ပါးဖြစ်သည့် မြင်ကွန်းနှင့် မြင်းကွန်တိုင်တို့သည် ခမည်းတော်အား လုပ်ကြံရာတွင် အထမမြောက်သဖြင့် အနောက်ကရင်နီသို့ ထွက်ပြေးခို လှုံခဲ့ရာ ခမည်းတော်အား စစ်ပြုရာတွင် ကရင်နီတို့က ကူညီခဲ့သည်ဟုဆိုသည်။ ဗမာတို့ ကမူ အဆိုပါ မင်းသားနှစ်ပါးအား ပြန်လည်ပေးအပ်ရန် တောင်းဆိုမှုပြုခဲ့သည်။ သို့ဖြစ်ရာ ကရင်နီပြည်အား ဗမာတို့ စစ်မက်ပြုခဲ့မှုသည် မည်သည့် အခြေခံဇစ်မြစ်အမှန်ပေါ်တွင် မြစ်ဖျားခံသည်ဆိုသည်မှာ ရေရာမှုမရှိဘဲ အကြောင်းအမျိုးမျိုးဖြင့် ဖော်ပြကြသည်ကို တွေ့ ရသည်။

## အပိုဒ်–၃

### အင်္ဂလိပ်အစိုးရနှင့် ကရင်နီပြည်တွင်းရေး

ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲစတင်ခဲ့သည့် ၁၈၂၆ ခုနှစ်တွင် မော်လမြိုင်မှာ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ကာ ဘုရင်ခံရုံးစိုက်ရာ မော်လမြိုင်သို့ အဆက်အသွယ် ပြုလုပ်ရန် စေတမန်စေလွှတ်သည်။ ၁၈၃၅ ခုနှစ်တွင် အင်္ဂလိပ်အစိုးရမှ တရုတ်တို့နှင့် ကုန်ကူးသန်းရောင်းဝယ်နိုင်ရန် ကရင်နီနယ်မြေအား လုံခြုံစွာ ဖြတ်သန်းခွင့်ရရှိရေးအတွက် ဖေဖော်ဝါရီလ ၂၊ ၃၊ ၄ ရက်နေ့များတွင် ကရင်နီစောဖျာဖာ့ဖော်ကြီးနှင့် လာရောက် တွေ့ဆုံသည်။ ၁၈၅၆–၅၇ ခုနှစ်များတွင် အင်္ဂလိပ်အရာရှိ မစ္စတာအိုရီလေးမှ ကရင်နီ ကြယ်ဖိုးကြီးစောဖျာကေးဖိုးဒူနှင့် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ် ကြည်ရေး (မဟာမိတ်) တည်ဆောက်သည်။ အင်္ဂလိပ်ဘုရင်ခံ လော့ဒ်ဒါဟိုစီမှ ကရင်နီ၏သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုသည်၊ ၁၈၆၂ ခုနှစ်တွင် စောဖျာကေးဖိုးဒူမှ အင်္ဂလိပ်တို့ထံ စေတမန် ထပ်မံစေလွှတ်သည်။ ၁၈၆၃ ခုနှစ်တွင် အင်္ဂလိပ်အစိုးရကိုယ်စားလှယ် အိုရီလေး ထပ်မံရောက်ရှိလာပြီး ကရင်နီနှင့် ဒုတိယအကြိမ် မဟာမိတ် စာချုပ်ချုပ်ဆိုသည်။

၁၈၆၉ ခုနှစ်တွင် ခွိုးတီနှင့်ခွိုးသျှားတို့မှ အင်္ဂလိပ်အစိုးရထံ စေတမန်စေလွှတ်ပြီး ၎င်းတို့၏ဖခင် နှင့် ချုပ်ဆိုခဲ့သော စာချုပ်ကတိအတိုင်း ဆက်လက်အသိအမှတ်ပြုကြောင်း အသိပေးသည်။ ၁၈၇၃ ခု နှစ်တွင် အနောက်ကရင်နီခေါင်းဆောင်များသည် ဗမာဘုရင်မှ မကြာခဏလာရောက်စစ်ပြုမှုကြောင့် ဗြိတိသျှ–အိန္ဒိယအစိုးရထံ ကာကွယ်စောင့်ရှောက်မှုရရှိရန် တောင်းခံခဲ့သော်လည်း ဗြိတိသျှအစိုးရက လက်မခံ ပယ်ချသည်။ ထိုနှစ်တွင်ပင် အင်းဝဗမာဘုရင်က ကရင်နီကို သိမ်းပိုက်ရန် တောင်းဆိုခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် ကရင်နီသိမ်းပိုက်ရေးနှင့်ပါတ်သက်ပြီး အိန္ဒိယရှိ အင်္ဂလိပ်အစိုးရက အပြင်းထန်ဆုံး ကန့်ကွက်ခဲ့ကာ မည်သည့်သိမ်းပိုက်ရေးအဆိုပြုချက်ကိုမျှ လက်မခံဘဲ ထိုဧရိယာနယ် မြေများသည် ဆက်လက် လွတ်လပ်စွာ ရပ်တည်မှုရှိရမည်ဟု သဘောထားကို ဖော်ပြခဲ့သည်။ ၁၈၇၅ ခုနှစ်တွင် အင်္ဂလိပ်ဘုရင်ခံ ကိုယ်စားလှယ်နှင့် ဗမာဘုရင်တို့သည် ဇွန်လ ၂၁ ရက်နေ့၌ ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း စောဖျာခွိုးတီရှေ့မှောက်တွင် သဘောတူစာချုပ်ချုပ်ဆိုသည်။

၁၈၇၆ ခုနှစ်အတွင်း ဗမာပြည်နှင့် ယိုးဒယားနယ်နိမိတ်သတ်မှတ်ရာတွင် ကရင်နီ ပြည်အား ဗမာပြည်နယ်နိမိတ်အတွင်း ထည့်သွင်းထားခဲ့သည်။ ၁၈၈၀ ခုနှစ်တွင် အင်္ဂလိပ်အစိုးရအရာရှိတဦးက ရှမ်းပြည်တောင်ပိုင်းသို့ ခရီးလှည့်လည်စဉ် အရှေ့ကရင်နီ စောဖျာ စဝ်လဖော်အား နယ်စပ်တနေရာ၌ သူနှင့် လာရောက်တွေ့ဆုံရန် ဘိတ်ခေါ်ခဲ့သည်။ စောဖျာစဝ်လဖော်မှ လက်မခံသဖြင့် အင်္ဂလိပ်တို့က မောက်မယ်ကို သိမ်းပိုက်ပြီး ခွန်မှုံအား စော်ဘွားမြောက်ကာ အုပ်ချုပ်စေသည်။ ၁၈၈၅ ခုနှစ်တွင် ကရင်နီတို့နှင့် ၎င်းတို့သိမ်းပိုက် ထားသော တောင်ငူနယ်နိမိတ် (စစ်တောင်းအရှေ့ဘက်)နှင့် နယ်နိမိတ်သတ်မှတ်ရန် ကြယ်ဖိုးကြီးစောဖျာထံ စေတမန်စေလွှတ်သည်။ ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် ကရင်နီခေါင်းဆောင်များအား ရှမ်းစော်ဘွားများအနေအထားကဲ့သို့ပင် သူတို့ကို ဆက်ဆံ သွားမည်ဟု အကြောင်းကြားသည်။ ၁၈၈၈ ခုနှစ် မတ်လတွင် စောဖျာစဝ်လဖော်မှ မောက်မယ်ကို ပြန်လည်သိမ်းပိုက်ပြီး ခွန်မှုံအား နယ်နှင်လိုက်သည်။ ၁၈၈၈ ခုနှစ် မေလ ၂

ရက်နေ့တွင် ဗြိတိသျှအရာရှိ ဂျေဂျီစကော့၊ ကာလ်နယ် စတိုးရီးယပ်စ်နှင့် လက်ဖတင်နင် ဖောလားတို့သည် တပ်အင်အား ၁၅၀ နှင့်အတူ မောက်မယ်သို့ ချီတက်လာသည်။ ၁၈၈၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ခွန်မှုံအား စော်ဘွားပြန်မြောက်ပြီး မောက်မယ်ကို အုပ်ချုပ်စေပြီး မိုးနဲသို့ ပြန်လည်ထွက်ခွာသွားသည် ၁၈၈၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကရင်နီတပ်မှ မောက်မယ်ကို တဖန်ပြန်လည်တိုက်ခိုက်ကာ ဇူလိုင်လ ၁၃ ရက်နေ့၌ စောဖျာစဝ်လဖော်မှ အင်္ဂလိပ်တို့အား မောက်မယ်မှ ထွက်ခွာသွားရန် စာရေးတောင်းဆို သည်။ ၁၈၈၈ခုနှစ်၊ ဇူလိုင်လကုန်ခါနီး တွင် မောက်မယ်အရေးနှင့်ပါတ်သက်ပြီး အင်္ဂလိပ်တို့ က အိန္ဒိယရှိ ဗြိတိသျှအစိုးရထံတင်ပြသည်။ ၁၈၈၈ ခုနှစ်၊ ဩဂုတ်လတွင် အင်္ဂလိပ်အစိုးရမှ မောက်မယ်တိုက်ခိုက်မှုနှင့်ပါတ်သက်ပြီး အရှေ့ကရင်နီအား အောက်ပါအချက်များကို တောင်းဆိုသည်။

၁၊ ဘုရင်မ သစ္စာတော်ခံယူရန်

၂၊ စစ်လျော်ကြေးကျပ်ငွေ နှစ်သိန်းပေးဆောင်ရန်

၃၊ ဒါးအလက် ၅၀၀ ပေးအပ်ရန်

၄၊ အခွန်တော်ငွေ တနှစ်လျှင် ငွေသား ၅၀၀၀ ပေးဆောင်ရန်တို့ဖြစ်သည်။ ဤစာအား အင်္ဂလိပ်အရာရှိ ဟယ်လ်ဒီဘရမ်းမှ စောဖျာစဝ်လဖော်ထံ ၁၈၈၈ ခုနှစ်၊နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပေးအပ်သည်။ သို့သော် စောဖျာစဝ်လဖော်မှ တောင်းဆိုမှုကို လက်မခံပယ်ချသည်။ ငွေသား (၁၀၀၀၀၀) ကျပ်နှင့် ဒါးအလက် ၅၀၀ အား ၁၈၈၉ ခုနှစ် ၊မတ်လ ၃၀ ရက်နေ့တွင်၎င်း ငွေသား (၁၀၀၀၀၀) ကျပ်အား ၁၈၈၉ ခုနှစ်၊ဇူလိုင်လ ၂၈ ရက်နေ့တွင်၎င်း၊ ငွေသား (၁၀၀၀၀၀) ကျပ်အား ၁၈၈၉ ခုနှစ်၊ဒီဇင်ဘာလ ၂၀ ရက်မတိုင်မီတွင်၎င်း အသီးသီးပေးဆောင်ရန် သတ်မှတ်ပေးထားသည်။

၁၈၈၈ ခုနှစ်၊ဒီဇင်ဘာလ ၉-ရက်နေ့တွင် ကရင်နီတောင်ဘက်ပိုင်းမှ ဖာပွန်ရှိ အင်္ဂလိပ်တပ်မှူး ကာလ်နယ်ဟာဗီးဦးဆောင်သော တပ်က ကရင်နီကို တိုက်ခိုက်ရန် စစ်ချီလာသည်။ ဤသတင်းကို ကရင်နီတို့ တင်ကြိုကြားသိသဖြင့် ဒီဇင်ဘာလ ၁၇ ရက်တွင် ကျောက်ညပ်ရှိ အင်္ဂလိပ်အခြေခံစခန်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ မီးရှို့ဖျက်ဆီးပစ်သည်။ ၁၈၈၈ ခုနှစ်၊ဒီဇင်ဘာလ ၂၉-ရက်နေ့တွင် အင်္ဂလိပ်ဗိုလ်ချုပ် အိပ်ချ်ကော့လက်စီဘီနှင့်ဟယ်လ်ဒီဘရမ်းတို့ ဦးဆောင်သော တပ်ဖွဲ့အင်အား (၅၀၀) က စကားနယ်မှတဆင့် အရှေ့ကရင်နီနယ်လွိုင်ကော်သို့ စစ်ချီလာသည်။ ၁၈၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် တွင် လွိုင်ကော်အနီးရှိ နန်းကျိုင်း၌ နှစ်ဘက်စတင်တိုက်ပွဲဖြစ်ပွားပြီး အင်္ဂလိပ်တို့ စောလုံမြို့အထိ စစ်ချီသည်။ စောဖျာ စဝ်လဖော်မှာ စောလုံမြို့နန်းတော်မှ အရှေ့အရပ်သို့ ထွက်ပြေးတိမ်းရှောင်ပြီး ကုလား ဖြူများ၏ မျက်နှာကို တသက်မကြည့် ဟုဆိုကာ ၁၈၈၉ ခုနှစ်၊ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သူ၏ ဝမ်းကွဲတော်သူ စဝ်လဝီအား စောလုံသို့ အင်္ဂလိပ်တို့နှင့် ပြန်တွေ့ဆုံရန် စေလွှတ်လိုက်သည်။ အရှေ့ကရင်နီသို့ အင်္ဂလိပ်တို့နှင့်တိုက်ခိုက်ခဲ့သော ဤစစ်ပွဲတွင် များစွာယူကျုံးမရအဖြစ်များ ဖြစ်ခဲ့သည်။ ကရင်နီ အရပ်သူအရပ်သားများအတုံးအရုန်းသေကြေခဲ့သည်။ သွေးများအကြား

လူးသေနေသော မိခင်၏နို့ကို ရှင်လျက်ကျန်ရစ်သော ရင်သွေးငယ်က စစ်မြေတလင်းတွင် နို့စုတ်လျက်ပင် ကျန်ရစ်ခဲ့သည်ဟု နူတ်ဖြင့် ပြန်လည်ပြောဆိုသော သမိုင်းရှိသည်။ ဤစစ်ပွဲကြောင့် အရှေ့ကရင်နီနယ်မြေအတွင်း လူဦးရေများစွာ လျော့နည်းလာခဲ့သည်ဟု ဆိုသည်။ အင်္ဂလိပ်တို့က စဝ်လဝီအား ၁၈၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် နေ့တွင် စောဖျာအရာခန့်ပြီး စောလုံကို အုပ်ချုပ်စေသည်။

၁၈၉၁ ခုနှစ်တွင် အိန္ဒိယရှိ ဒေသခံအင်္ဂလိပ်အစိုးရသည် အနောက်ကရင်နီ၏ ဟန်ဆောင်လုပ် ကြံထားသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်း ထားရန်မ ဖြစ်နိုင်တော့ဟု အကြောင်းပြပြီး ဆာနဒ် ပြဋ္ဌာန်းရန် အကြံပြုလာသည်။ ထိုဆာနဒ်ကို အတည်ပြုခဲ့ပြီး အနောက်ကရင်နီအား ရှမ်းပြည်တောင်ပိုင်း အုပ်ချုပ်ရေးအရာရှိ၏ အကြံပေးချက်အရ လုပ်ဆောင်သွားရန် ညွှန်းကြားပြီး အရှေ့ကရင်နီအား ကော်မစ် ရှင်နာမင်းကြီး၏ အကြံပြုချက်အရ လုပ်ဆောင်သွားရန် ညွှန်ကြားသည်။ ဤကိစ္စနှင့်ပါတ်သက်ပြီး ၁၈၇၅ ခုနှစ်က ချုပ်ဆိုခဲ့သော စာချုပ်ပါ မည်သည့်ဘက်မှ အချုပ် အခြာအာဏာကို ဝင်ရောက်စွက်ဖက် ခြင်း သို့မဟုတ် အုပ်ချုပ်လွှမ်းမိုးခြင်းမရှိရ ဟူသော အပိုဒ်ကို သတိမထားဘဲ သဘောတူညီချက်ကို ချိုးဖောက်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ အနောက်ကရင်နီခေါင်းဆောင်များက ဗြိတိသျှအစိုးရနှင့် ပဋိပက္ခ ဖြစ်ခဲ့ရသည်။ သို့သော်လည်း အနောက်ကရင်နီသည် ဗြိတိသျှတို့၏ အုပ်ချုပ်ရေးပြင်ပတွင် ဆက်လက် ရပ်တည်လျက်ရှိခဲ့သည်။ ၁၈၉၂ ခုနှစ်၊ဇန်န်ဝါရီလ ၂၄ ရက်နေ့တွင် အင်္ဂလိပ်တို့က လွိုင်ကော်မြို့၌ ဒါဘာပွဲဆင်ယင်ကျင်းပကာ စဝ်လဝီအား ဆာနဒ်ဥပဒေကို အပ်နှင်းပြီး ပြန်လည်ထွက်ခွာသွားသည်။ အရှေ့ကရင်နီအပေါ် ဆာနဒ်ဥပဒေများဖြင့် ချည်နှောင်ထားသည်ဆိုသော်လည်း ပြည်တွင်းအုပ်ချုပ်ရေး အပေါ် အင်္ဂလိပ်အစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။ သို့သော် ဤသည်မှာ ကရင်နီပြည်တွင်းရေး ကို စီးပွားရေးအရ စိုးမိုးချယ်လှယ်ရန်အတွက် စတင်စွက်ဖက်သော အင်္ဂလိပ်အစိုးရ၏ ခြေလှမ်းများပင် ဖြစ်သည်။ စောဖျာစဝ်လဖော်မှ မိမိတို့သည် ဗမာလက်အောက်ခံမဟုတ်သကဲ့သို့ အင်္ဂလိပ်လက်အောက်ခံ မဟုတ်သဖြင့် အင်္ဂလိပ်တို့အနေဖြင့် အရှေ့ကရင်နီကို သိမ်းပိုက်အုပ်ချုပ်ပိုင်ခွင့်မရှိဟု ဆိုခဲ့သည်။ ၁၈၈၆ ခုနှစ်၊မေလ ၄ ရက်နေ့ထုတ်ပြန်သော အင်္ဂလိပ်အစိုးရ၊နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်အမှတ်–၇၈၉ န နှင့် ၇၉၁ န အရ အရှေ့ ကရင်နီအား ဗြိတိသျှ၊ အိန္ဒိယ အစိပ်အပိုင်းအဖြစ် မကျေညာခဲ့သကဲ့သို့ ၁၈၉၂ ခုနှစ်၊အောက်တိုဘာလ ၁၉ ရက်နေ့ နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်အမှတ် ၁၉၂၀ န နှင့် ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ထုတ် ၈၃–၁၁၆၅ အရသော်လည်းကောင်း ရှမ်းပြည်နှင့် အောက် ဗမာပြည်တွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် အကျုံးမဝင်ခဲ့ပေ။

၁၈၉၂ ခုနှစ်တွင် အင်္ဂလိပ်တို့၏ ကလိမ်ကျမှုကို မခံမရပ်နိုင်ဖြစ်လာသဖြင့် တောင်ငူတွင် လျို့ဝှက်နိုင်ငံရေး လှုပ်ရှားရေးအဖွဲ့ကို ဖွဲ့စည်းကာ ကယား၊ ကယော၊ပကူးနှင့်ကယန်းမျိုးနွယ်စုများကို စုစည်းကာ မြို့စားသူးရီ (သူးရယ်–

ဂိုဘီတူရီ၏အကို)အား ဦးဆောင်စေသည်။ ၁၈၉၂ ခုနှစ်၊ဇွန်လအကုန်တွင် မြို့စားသူးရီသည် တပ်အင်အား (၁၀၀၀) နှင့်အတူ လွိုင်ကော်တွင် အခြေခံစခန်းလာဖွင့်ထားသော အင်္ဂလိပ်တပ်ကို တိုက်ခိုက်ခဲ့ရာတွင် ရှုံးနိမ့်ခဲ့ပြီး သူကိုယ်တိုင်ပင် ကျဆုံးခဲ့သည်၊ ၁၉၃၆ ခုနှစ်တွင် ဗမာ ပြည်အားဗြိတိသျှအိန္ဒိယမှ ခွဲထုတ်ပြီး ၉၁ ဌာနအုပ်ချုပ်ရေးစနစ်ကို ၁၉၃၇ ခုနှစ်၊ဧပြီလ ၁ ရက် နေ့တွင် စတင်ဖွဲ့စည်းအုပ်ချုပ်ခဲ့ရာတွင်ပင် ကရင်နီသည် မည်သည့်ဥပဒေပြဌာန်းချက်နှင့်မျှ အကျုံးမဝင် ခဲ့ပေ။

၁၉၁၈ ခုနှစ်တွင် ပေါင်းစပ်ထားသော ရှမ်းပြည်နယ်အတွင်း (Shan States Federation) အတွင်း ပါဝင်ပြီး ဗြိတိသျှ–အိန္ဒိယအုပ်ချုပ်ရေးအောက်ပါဝင်ရန် အဆိုတင်ခဲ့သော်လည်း မစ္စတာ စတာလင်က လက်မခံသဖြင့် ရပ်ဆိုင်းထားသည်။ ၁၉၂၀ ခုနှစ်တွင် တကြိမ်ထပ်မံပါဝင်ရန် ကရင်နီတို့၏ သဘောထားကို မေးမြန်းရာတွင် ငွေကြေးအခက်အခဲကို အကြောင်းပြုလျှက် ပညာရေးနှင့် ဆေးဘက် ဆိုင်ရာ ထောက်ပံ့မှုကို ၁၀–နှစ်နောက်ပိုင်း၌ ရပ်ဆိုင်းပစ်မည်ဟု အကြပ်ကိုင်ခဲ့သည်။ အမှန်ပင် ရပ်ဆိုင်းခဲ့သည်၊ ၎င်းတို့ဆွဲဆောင်စည်းရုံးမှု၍မအောင်မြင်သဖြင့် ၁၉၂၆ ခုနှစ်၊ဇူလိုင်လ ၃၁ ရက်နေ့ ဝန်ရှင် မင်းကြီး၏ မှတ်တမ်းတွင် ဖော်ပြထားချက်အရ တ္တန ့လေန ၁၉ျုနိ အ့န ဘကျ၈ ဟုရေးထားကာ စုပေါင်းထားသော ပြည်နယ်အတွင်းပါဝင်ရန် ကရင်နီအား အတင်းအကြပ်မပြုသင့်။ သို့သော် ဘဏ္ဍာရေး အကြပ်အတည်းကို အကြောင်းပြုပြီး ပါဝင်ရန် တိုက်တွန်းသင့်သည်ဟု ပါရှိသည်၊ ရှမ်းပြည်ကော်မစ် ရှင်နာ၏မှတ်တမ်းတွင် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၁၉–၂၀ ရက်များ၌ ဘောလခဲမြို့စားနှင့် စုပေါင်းထား သော ပြည်နယ်အတွင်း ပါဝင်ရန် ဆွေးနွေးခဲ့ရာတွင် မြို့စားမှာ တစိပ်တဒေသ ဆန္ဒရှိခဲ့သော်လည်း ဗမာပြည်နှင့်ဆက်စပ်ရန် ထိတ်လန့်ခြင်းနှင့် သံသယစိတ်မကင်းဖြစ်နေခြင်းတို့ကြောင့် အစွမ်းကုန်သွေး ဆောင်ခဲ့သော်လည်း မအောင်မြင်ခဲ့ဟု ဖော်ပြထားသည်။ ၎င်းတို့အား အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးအာဏာပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပိုမိုပေးထားပါက အလိုအလျောက် ပါဝင်လာနိုင်သည်ဟုသာ သုံးသပ်ထားပါသည်။ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ဆင်းမလားတွင် ပြုလုပ်သော မစ်ချယ်ကော်မီတီအစည်းအဝေး တွင် တောင်ငူနယ် ပယ်၊ သထုံနယ်ပယ်များကို သံလွင်ခရိုင်နှင့် ကရင်နီတို့ ပေါင်းစပ်ပြီး ကျယ်ပြန့်သော ကရင်စုပေါင်းနယ်မြေဖြစ်လာရန် စီစဉ်ခဲ့သည် သို့သော် ၁၉၄၃ ခုနှစ်တိုင် ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ရပ်ဆိုင်းခဲ့သည်၊ ဗမာပြည်အုပ်ချုပ်ရေး အတွင်းရေးမှူးလက်ထောက်ဖြစ်သူ့ဆ ခ ့ကငမန ကလည်း ပေါင်း စပ်ထားသော ပြည်နယ်အတွင်း ကရင်နီတို့အလိုအလျောက် ပါဝင်လာမည်ဟူသော ယူဆချက်နှင့် ဆွေးနွေးမှုပြုလုပ်နေလျှင် သံသယရှည်ရုံသာ ရှိသည် ဟုပြောပြီး ထိုကိစ္စကို ယခုအပြတ်ရှင်းရန် အမြင်ရှိသည်။ ဗြိတိသျှဘားမားတွင် ကရင်နီ ပါဝင်ရေးကို သဘောတူသည်။ သို့သော် တရားဝင် သိမ်းပိုက်ခြင်း မလုပ် လျှင်ပိုကောင်း မည်ဟု ဖော်ပြထားသည်။ လန်ဒန်ဆုံးဖြတ်ချက်အရ ကရင်နီအားဗြိတိသျှဘားမားအစိပ်အ ပိုင်းအဖြစ် အက်ဥပဒေအပိုင်း–၁ ရှိ နယ်မြေတွင် အကျုံးဝင်ရေးအတွက် ကရင်နီကို သိမ်းပိုက်မည်လော (သို့) အလိုအလျောက် ခေါင်းဆောင်များပါဝင်လာခြင်း (သို့) ကောင်စီ

၏ အမိန့်အရ ပါဝင်ရန် ဆုံးဖြတ်သည်။ သို့သော် အရပ်သားအစိုးရ မပေါ်မီအထိ ရပ်ဆိုင်းခဲ့ပြီး ဘီအမ်အေမှ ဘာမျှမဆောင်ရွက်နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကရင်နီ၏ ပျောက်ကျားလှုပ်ရှားမှုအထွင့်အထိပ်ရောက်ရှိနေချိန်ဖြစ်သည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့ကာ ဗမာပြည်အပါအဝင် ကရင်နီပါ ဂျပန်လက်အောက်ကျရောက်ခဲ့သည်။ ဒေါက်တာဘမော်ဦးစီးသောရပ်သေးအစိုးရကို ဖွဲ့စည်းကာ ဗမာ၊ ရှမ်းနှင့်ကရင်နီပြည်တို့ အပေါ် ဆက်ဆံရေးပြဋ္ဌာန်းချက် (၄ )ချက်ကို ထုတ်ပြန်ခဲ့သည်။ ဒေါက်တာဘမော်ဦးဆောင်သော ဗမာ–ဂျပန်ရုပ်သေးအစိုးရသည် ကရင်နီကိုပါ သိမ်းပိုက်အုပ်ချုပ်ရန်ဖြစ်သော်လည်း ကရင်နီပြည်သူများက လုံးဝ ပူးပေါင်းပါဝင်ရန် မရှိသည့်အပြင် တပ်အင်အား (၂၀၀၀) စုစည်းကာ အင်္ဂလိပ်ဦးစီးသော မဟာမိတ်တပ် ဖွဲ့အမှတ် (၁၃၆) နှင့် ပူးပေါင်းကာ ဂျပန်တပ်များကို တိုက်ထုတ်ခဲ့သည်။ ဂျပန်တို့စစ်ရှုံးပြီးနောက် ဗမာပြည်တခုလုံးသည် ဗြိတိသျှလက်အောက်တဖန်ပြန်ကျရောက်ခဲ့သည်။ သို့သော် ကရင်နီမှာ ယခင်အတိုင်း လွတ်လပ်စွာ တည်ရှိမြဲပင် ရှိခဲ့သည်။ တောင်တန်းဒေသ အုပ်ချုပ်ရေးအတွင်းရေးမှူး အိပ်ချ်စတီဗင်ဆင် လွိုင်ကော်သို့ ရောက်ရှိကာ ကရင်နီခေါင်းဆောင်များနှင့် အစည်းအဝေးပြုလုပ်ခဲ့ရာတွင် လက်ရှိအခွန်ငွေကျဆင်းနေခြင်းနှင့် ကရင်ခရိုင် နှင့်ပူးပေါင်းပါဝင်ပါက အခွင့်အရေးဆုံးရှုံးနိုင်ကြောင်းကို ထောက်ပြခဲ့သည်။ မော်ချီးမိုင်းမှ နှစ်စဉ် (၆၀) ရာခိုင်နှုန်းခန့် အမြတ်အစွန်းရရှိနေသဖြင့် ကရင်နီခေါင်းဆောင်တို့သည် မော်ချီးသည်သည် ကရင်နီတို့၏ အနာဂါတ်ကံကြမ္မာကို ဖန်တီးပေးနိုင်သည်ကို သတိပြုမိလာကြသည်။ ကရင်လူငယ်ခေါင်းဆောင်တဦးဖြစ်သူ မန်းဘခိုင်သည် ကရင်နီပြည်ကို အလည်အပါတ်ရောက်ရှိခဲ့ပြီး ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့်ပါတ်သက်ပြီး ဗြိတိသျှအစိုးရမှ အသိအမှတ်ပြုရေးအတွက် ပြင်းထန်စွာ ဝိုင်းဝန်းအော်ဟစ်တောင်းဆိုရန်လိုအပ်ကြောင်း အတိအလင်းဟောပြောခဲ့သည်။ လက်ရှိမီးနီပြခဲ့သည့်တိုင် မတွန့်မဆုတ်လှုပ်ရှားရမည်ဟု ပြောခဲ့သည်။ ဗြိတိသျှအစိုးရအတွက် ၎င်းတို့ အနာဂါတ်မျှော်မှန်းချက်အတိုင်း ဖြစ်မလာခဲ့ပေ။ ကရင်နီခေါင်းဆောင်တို့သည် ကရင်များနှင့်ပေါင်းစည်းရေးကို လက်မခံဘဲ သီးခြားလွတ်လပ်ရေးကို လက်ကိုင်ထားရန် သွေးဆောင်ခြင်းခံရသည်ဟု စတီဗင်ဆင်က ဆိုသည်။ သို့ဖြင့် ကရင်နီပြည်အား သိမ်းပိုက်ရေးနှင့်ပါတ်သက်ပြီး ရန်ကုန်၊ အိန္ဒိယနှင့်လန်ဒန်တို့တွင် မေးမြန်းမှု ပြုလုပ်ရာ၌ အောက်ပါအဖြေများကို တွေ့ရှိရသည်။

၁၈၇၃ ခုနှစ်က– ကရင်နှင့်ဗမာတို့က သဘောတူပြီး အိန္ဒိယက သဘောမတူခဲ့ပါ။

၁၈၇၄ ခုနှစ်က– ဗမာကသဘောတူပြီး အိန္ဒိယက သဘောမတူခဲ့ပါ။

၁၈၉၀ ခုနှစ်က– ဗမာကသဘောမတူခဲ့ပါ (ကော်မစ်ရှင်မင်းကြီး၏ ဆုံးဖြတ်ချက်အရ)

၁၈၉၁ ခုနှစ်က– ဗမာက သဘောတူပြီး အိန္ဒိယက သဘောမတူခဲ့ပါ (သို့သော် ဆာနဒ် ပြဋ္ဌာန်း)

၁၉၁၈ ခုနှစ်က– ဗမာက သဘောမတူပါ။ (မစ္စတာစတာလင်သဲ အကြံပြုချက်အရ)

၁၉၂၀ ခုနှစ်က– ဗမာက သဘောတူပြီး ကရင်က သဘောမတူခဲ့ပါ။

၁၉၂၆ ခုနှစ်က– ဗမာက သဘောမတူပါ။ (ဘုရင်ခံမင်းကြီး၏ ဆုံးဖြတ်ချက်အရ)

၁၉၃၉ ခုနှစ်က– ဗမာကသဘောတူပြီး ကရင်က သဘောမတူခဲ့ပါ။
၁၉၄၀ ခုနှစ်က– ဗမာကသဘောတူပြီး ကရင်က သဘောမတူခဲ့ပါ။
၁၉၄၂ ခုနှစ်က– ဗမာကသဘောတူပြီး (တောင်တန်းဒေသကော်မီတီ၏ ထောက်ခံ ချက်အရ)
၁၉၄၃–၄၅ ခုနှစ်က– ဗမာကသဘောတူပြီး ဗြိတိသျှအစိုးရကလည်း သဘောတူ (အလိုအလျှောက်ပါဝင် လာရန်သွေးဆောင်ရန်၊ မရပါက အာဏာသုံးရန်)
၁၉၄၆ ခုနှစ်က– ဗမာကသဘောတူပြီး ဗြိတိသျှအစိုးရက လက်ဆုပ်လက်ကိုင် ထိန်းထားရန်ပြောပြီး ကရင်က သဘောမတူခဲ့ပါ။

စတီဗင်ဆင်က *__သူတို့သည် မကြာခဏခြိမ်းခြောက်ခြင်းခံရခြင်းနှင့် ဘိတ်ကြားခြင်းခံရသည့်အပေါ် သံသယစိတ်ဓါတ်များပေါ်ပေါက်လျှက်ရှိသည်။ ကရင်တို့က အဓိက သံသယစိတ်ဖြစ်နေသည်မှာ ကရင်နီတို့တွင်ရှိသော အဖိုးတန်သည့်အရာတခုကို အင်္ဂလိပ်တို့က ဆုပ်ယူထားလိုသည်ဟု ထင်မြင်နေပြီး ကရင်နီတို့ကလည်း မိမိတို့၏ သီးခြားလွတ်လပ်ရေးကို ဝကွက်အပ်လိုက်ပါက ဗြိတိသျှတို့ ဗမာပြည်က ထွက်ခွာသွားသည့်အခါ မိမိတို့၏ မူလအခွင့်အရေးရပိုင်ခွင့်များကို မိမိတို့သဘောဆန္ဒတူညီမှုမပါဘဲ ဗမာလက်သို့ လွှဲပြောင်းပေးလိုက်မည်ကို စိုးရိမ်သည့်အချက်လည်း ပါဝင်သည်ဟုဆိုပါသည်__*။

ကရင်နီပြည်သိမ်းသွင်းရေးဆွေးနွေးပွဲများ၏ အဓိကရည်ရွယ်ချက်မှာ __ကျုနုပ်တို့ အကျိုးအမြတ်ကို ရည်ရွယ်ခြင်းမဟုတ်ဘဲ ကရင်နီအုပ်ချုပ်ရေးတိုးတက်မှုနှင့် မော်ချီးသတ္တုတွင်းနှင့် အခွန်ဝင်ငွေစနစ်တကျ ထိန်းသိမ်းနိုင်ရန်ဖြစ်သည်__ဟု စတီဗင်ဆင်က ဆိုပါသည်။

တဖက်က ဗမာဖဆပလအဖွဲ့သည် ကရင်များ၏ စုစည်းမှုအားကို မလိုလားဟန်ရှိသဖြင့် ကရင်နီပြည်၏ လွတ်လပ်ရေးကို စောင်းကြိုးညိ သကဲ့သို့ လုပ်ဆောင်သွားခြင်းအားဖြင့် ကရင်တို့အား အုပ်စု (၄) အုပ်စုကွဲထွက်သွားပြီး တအုပ်စုစီမှ ကွဲပြားသော ရည်မှန်းချက်များပေါ်ထွက်လာမည်ဟု အကြံအရွယ်ရှိလေသည်။ (၁) ဗမာပြည်မမြေပြန့်တွင် နေထိုင်သော ကရင်အုပ်စု၊ (၂) အပိုင်း–၂ မဲဆန္ဒနယ် မြေရှိ ကရင်အုပ်စု၊ (၃) အပိုင်း–(၁) သံလွင်ဇရိယာနယ်မြေရှိ ကရင်အုပ်စုနှင့် (၄) လွတ်လပ်သော ကရင်နီပြည်ရှိ ကရင်အုပ်စုသို့ဖြစ်သည်။

အင်္ဂလိပ်အစိုးရမှ ကရင်နီ(ကရင်အပါအဝင်) တို့အပေါ် ပေးဆပ်ရန် အကြွေးရှိသည် ဆိုသည်ကို စတီဗင်ဆင်က သဘောတူလက်ခံခဲ့သည်။ သူ၏မှတ်တမ်းများပြုစုခဲ့ရာတွင် *__ပြဿနာများ ရှုပ်ထွေးမှုကို ရှောင်ရှားရန် ကျုနုပ်အချက်တချက်ကို ချန်ထားခဲ့သည်။ ထိုအချက်မှာ စစ်ကြီးအတွင်းက ကရင်နီနှင့်ကရင်တို့အား ပေးဆပ်ရမည့် အကြွေးဖြစ်သည်__*ဟု ဖော်ပြထားသည်။ လွန်ခဲ့သော စစ်ကြီးအတွင်းက နှစ်ကြိမ်တိုင်အောင် ဗြိတိန်နိုင်ငံအပေါ် သစ္စာရှိစွာ ပါဝင်တိုက်ခိုက်ပေးခဲ့ခြင်းသည် အရေးပါပြီး အဓိကကျသည့် ပြောင်မြောက်သော စစ်ပြုဟာတစ်ရပ်ဖြစ်ကြောင်း၊ ၁၉၄၂ ခုနှစ်၊ မော်ချီးလမ်းတိုက်ပွဲတွင် ပိတ်ဆို့ခံရသော အင်္ဂလိပ်တပ်နှင့်တရုတ်တပ်အမှတ် (၅)တို့ကို လွတ်မြောက်အောင်ရှံ့ရှံ့ချုံ့ချုံ့

ဂျပန်တပ်ကို တိုက်ထုတ်နိုင်သည့်အပြင် ၁၉၄၅ ခုနှစ်တွင် မော်ချီးလမ်းမကြီးတွင်ပင် တောင်ငူသို့ စစ်ကူအဖြစ်ချီလာသော ဂျပန်တပ်မ–၁၅ ကို ဖြိုခွဲနိုင်ခဲ့သဖြင့် ဗြိတိသျှတပ် အတွက် အသက်ရှူချောင်သွားခဲ့ကြောင်း သူ၏ ၂၄၊ ၆၊ ၄၆ ခုနှစ် မှတ်တမ်းတွင် ဖော်ပြထားပါသည်။ ***<u>ကရင်နီသည် ကျုနုပ်တို့၏ သနားကြင်နာမှုနှင့် ကူညီမှုကို ခံစားထိုက် သည်။ သူတို့က ကျုနုပ်တို့အား အကြွေးပြန်လည်ဆပ်လိမ့်မည်ဟု မကြာမီကာလ အထိ ယုံကြည်နေဆဲဖြစ်သည်။ သို့သော် ယခုယေဘူယျအားဖြင့် ကျုနုပ်တို့၏ လှုပ်ရှားမှုအပေါ် ကြည့်ပြီး ထိုယုံကြည်မှုမှာ လျော့ပါးလာသည်ကို တွေ့ရသည်။</u>*** "Karenni deserves **our sympathy and help. They have until very recently been confident that we would repay our debt. But they are now losing that confidence and with it their trust in our motives in general." [krSwfcsufjyKoGm;**ပါသည်/

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ကရင်နီနယ်ကို အုပ်ချုပ်မှုအရ ကွပ်ကဲရန် အင်္ဂလိပ်တို့က မေဂျာဂရေဟန် (ခြေမ မဲ့ဘော) နှင့် စောဂီးလ် ဘတ်ကရာစူးတို့ကို လွိုင်ကော်သို့ စေလွှတ်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တောင်တန်းဒေသ ဆိုင်ရင်ရာမင်းကြီးစတီဗင်ဆင် လွိုင်ကော်သို့ ရောက်ရှိလာရာ ဂိုဘီ၊ စောရွှေဟုန်၊ စောရွှေနှင့် သိုင်းဘဟန် တို့မှ တွေ့ဆုံခဲ့ပြီး စစ်လျော်ကြေး၊ စစ်တပ်ဖွဲ့ပေးရေး၊ တူးမြောင်းဖောက်လုပ်ရေးနှင့် ကျန်းမာရေး၊ ပညာရေး နှင့် စီးပွားရေးတို့ ထူထောင်ပေးရန် တောင်းဆိုခဲ့သော်လည်း စတီဗင်ဆင်မှ မိမိအကူအ ညီပေးရန် လာသည်မဟုတ်ဟု တုန့်ပြန်ခဲ့သဖြင့် ဘာအကူအညီမျှ မရရှိခဲ့ပေ။ ၄င်းမှ တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့ထဲသို့ ဝင်ရောက်ရေးကိုသာ စည်းရုံးပြောဆိုခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၄) ရက်နေ့တွင် မေမြို့ တွင် ရီးစ်ဝီလျံ စုံစမ်းရေးကော်မရှင်နှင့် ကရင်နီခေါင်းဆောင်တို့ သွားရောက်တွေ့ဆုံခဲ့သည်။ ကရင်နီ ခေါင်းဆောင်တို့မှာ လူထုဆန္ဒ သဘောထား ပါရှိသည့်သဘောထား (၁၀)ချက်ကို တင်ပြတောင်းဆိုခဲ့ သော်လည်း လက်မခံပယ်ချခံခဲ့ရသည်။ လွတ်လပ်မည့် မြန်မာပြည်နှင့် ပူးပေါင်းရန်ကိုသာ ပြောဆိုခဲ့ပြီး ကရင်နီခေါင်းဆောင်တို့မှ ဗမာများကို မယုံသဖြင့် မပူးပေါင်းနိုင်ဟု တုန့်ပြန်ခဲ့သည်။

## အပိုဒ် (၄)

### ဗမာပြည်နှင့် ကရင်နီပူးပေါင်းရေး မပူးပေါင်းရေး

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဘောလခဲမြောက်ပိုင်း မြလဲမြို့ ဂိုဘီ နေအိမ်တွင် ကရင်နီခေါင်းဆောင်တို့တွေ့ဆုံခဲ့ကြပြီး တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းမည်လော၊ လွတ်လပ်တော့မည့် မြန်မာပြည်နှင့် ပူးပေါင်းမည်လောကို ဆွေးနွေးခဲ့ ကြရာ တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့တွင် ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးတွင်

ဘာမျှမရှိသေးသဖြင့် ပူးပေါင်းစရာရှိလျှင် မြန်မာပြည်နှင့်သာ ပူးပေါင်းသင့်သည်ဟု ယေဘူယျအမြင်ဖြင့် ဆုံးဖြတ်ကြသည်။ သို့သော် ဂိုဘီမှာ သဘောမတူဘဲ နေခဲ့သည်။ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ညီညွတ်သည့် လွတ်လပ်သော ကရင်နီပြည် နယ်များအစိုးရကို ဖွဲ့စည်းထူထောင်ကာ ဥက္ကဋ္ဌအဖြစ် ဂိုဘီတူရယ်။ ဒုတိယဥက္ကဋ္ဌအဖြစ် စောသိန်းနှင့် အတွင်းရေးမှူးအဖြစ် ဦးဘသောင်းတို့ဆောင်ရွက်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွန်လ ၉ ရက်နေ့တွင် ပြုလုပ်သော တိုင်းပြည်ပြုလွှတ်တော်မှ အနာဂါတ်မြန်မာပြည်အတွက် အခြေခံဥပဒေသစ်အတွင်း ကရင်နီပြည်အား ကရင်နီကိုယ်စားလှယ်မပါရှိဘဲ အသစ်ပေါ်ထွန်းမည့် ကရင်ပြည်တွင် အထူးဒေသတခုအဖြစ် ထည့်သွင်းထားသည့် ပုဒ်မ–၁၈၀(၁)(က)ကို သဘော မတူလက်မခံကြောင်း ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်ကြယ်ဖိုးကြီးနယ်စောဖျာစောရွှေ နေအိမ်တွင် အစည်းအဝေးပြုလုပ်ကာ ကရင်ကော်သူးလေနှင့် မပူးပေါင်းနိုင် ကန့်ကွက်ကြောင်း သဘောတူဆုံးဖြတ်ခဲ့သည်။ တရားဝင်ကန့်ကွက်မှုပြုလုပ်ရန် ဂိုဘီတူရီနှင့်စောသိန်းတို့အား လွှတ်တော်သို့ စေလွှတ်ခဲ့သည်။ ဂိုဘီတူရီနှင့်စောသိန်းတို့မှာ ဘုရင်ခံနှင့် ၁၉၄၇ ခု၊ ဖွန်လ ၂၀ ရက်နေ့ ညနေ ၃ နာရီအချိန်တွေ့ဆုံရာတွင် ကရင်နီနယ်များသည် လုံးဝအာဏာ ပိုင်အုပ်ချုပ်ရေး ရထားပြီးဖြစ်သဖြင့် ကရင်နီနယ်သားတို့ ဆန္ဒသဘောထားမပါဘဲ အင်္ဂလိပ်အစိုးရဘာမျှလုပ်မည် မဟုတ်ဟု ပြောဆိုသဖြင့် လွှတ်တော်သို့ မတက်ရောက်တော့ဘဲ လွိုင်ကော်သို့ ပြန်လာကာ လက်ရှိဗမာပြည်မှာ မလွတ်လပ်သေး။ လွတ်လပ် ရေးရရှိရန်အတွက် အခြေခံဥပဒေကြမ်းကို စတင်ရေးဆွဲရန် အားထုတ်နေဆဲဖြစ်ပြီး မည်သို့သော အစိုးရ ပေါ်ထွန်းမည်ကို မသိနိုင်သေး။ ဗမာပြည်လွတ်လပ်ရေးရပြီး နောက်တက်လာမည့်အစိုးရနှင့် ၂–ပြည်တပြည် မဟာမိတ်ဖွဲ့ရန်သာရှိသည်ဟု ပါရှိသော ထုတ်ပြန်ကျေညာချက် တစ်စောင်ကို ၁၉၄၇ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် ပူးတွဲထုတ်ပြန်ခဲ့သည်။ ဤသို့ဖြင့် ဦးစိန်၊ စဝ်ဝ့၊ အေမြလေးနှင့် သိုင်းသန်းတင်တို့က လွှတ်တော်သို့ ထပ်မံ၍ လွှတ်တော်သို့ တက်ရောက်လေသည်။ ကမ္ဘာ့အခြေအနေအရသော်လည်းကောင်း၊ ရာဇဝင်အရသော်လည်းကောင်း၊ နိုင်ငံရေး အခြေအနေအရသော်လည်းကောင်း ဗမာပြည်နှင့် မပူးပေါင်းလျှင်မဖြစ်ဟု ဆုံးဖြတ်ကြသည်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စဝ်ဝ့နှင့် ဦးစိန် တို့သည် ဖဆပလ ဝန်ကြီးချုပ် ဦးနုထံသွားရောက်ကာ ကရင်နီပြည်အနေဖြင့် ဗမာပြည်နှင့် ပူးပေါင်းလိုကြောင်း တောင်းဆိုခဲ့သည်။ မိမိအား ကွန္တာရဝတီအကြီးအကဲအဖြစ် အသိအမှတ်ပြုလျှင် ကျန် ၂–နယ်အတွက် သူနှင့် ဦးစိန်ကို ခေါင်းဆောင်အဖြစ် လက်ခံရန် ပြောဆိုခဲ့သည်။ ထို့နောက် အခြေခံ ဥပဒေအတွင်း ထည့်သွင်းထားသည့် ပုဒ်မ–၁၈၀(၁)(က) ပယ်ဖျက်ရေးကိုလည်း ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဦးစိန်မှ ဖဆပလ ဝန်ကြီးချုပ် ဦးနုထံ စာရေးသားပြီး ကရင်နီပြည်တွင်း ကာကွယ်ရန်အကြောင်းပြချက်ဖြင့် စစ်ရဲတပ်ဖွဲ့စည်းပေးရန် လိုအပ်သော နည်းပြဆရာများနှင့် လက်နက်ခဲယမ်းများကို တောင်းဆိုမှုပြုခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၄) ရက်နေ့တွင် မေမြို့တွင် ရီးစ်ဝီလျံ စုံစမ်းရေးကော်မရှင်နှင့် ကရင်နီခေါင်းဆောင်တို့ သွားရောက်တွေ့ဆုံခဲ့သည်။ ကရင်နီခေါင်း

ဆောင်တို့မှာ လူထုဆန္ဒသဘောထားပါရှိသည့် သဘောထား (၁၀)ချက်ကို တင်ပြတောင်းဆိုခဲ့သော်လည်း လက်မခံ ပယ်ချခံခဲ့ရသည်။ လွတ်လပ်မည့် မြန်မာပြည်နှင့် ပူးပေါင်းရန် ကိုသာ ပြောဆိုခဲ့ပြီး ကရင်နီခေါင်းဆောင်တို့မှ ဗမာများကို မယုံသဖြင့် မပူးပေါင်းနိုင်ဟု တုန့်ပြန်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် လွိုင်ကော်မြို့တွင် နယ် (၄) နယ်မှ လူထုအစည်းအဝေးကြီးတရပ်ပြုလုပ်ကာ အခြေခံဥပဒေ ပုဒ်မ–၁၈၀(၁)(က)၌ ဖော်ပြထားသော ကရင်နီဆိုသည့်စာလုံးအား ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဦးစိန်မှ ကရင်နီဆိုသည်မှာ ကရင်ဖြူများနှင့် ဆင်တူရိုးမှား အဓိပ္ပါယ်ဆောင်သဖြင့် မူလအမည်စစ် အမည်မှန်ဖြစ်သည့် ကယားသို့ ပြောင်းလဲပေးရန် ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အဆိုတင်ခဲ့သကဲ့သို့ ၁၉၅၀ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တိုင်းပြည်ပြုလွှတ်တော်တွင် ထပ်မံတင်ပြခဲ့သည်။ သို့ဖြင့် အဖွဲ့ဝင်(၁၀) ဦးပါ ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းပြီး စုံစမ်းလေ့လာမှုပြုလုပ်ခဲ့သည်။ အဆိုပါ ကော်မစ်ရှင်မှ အစည်းအဝေးအကြိမ်ကြိမ် ကျင်းပခဲ့ပြီးနောက် မေးခွန်းလွှာပေါင်း (၁၉၅၀၀) စောင်ကို ဖြန့်ဝေခဲ့ကာ (၇၆၆၅) စောင် ပြန်လည်လက်ခံရရှိခဲ့သည်။ ပြန်လည်ရရှိသော မေးခွန်းလွှာများမှာ ဘောလခဲနယ်ရှိ ရွာပေါင်း ၁၀၂ ရွာထံမှ ၃၅၄၃ စောင်၊ ကြယ်ဖိုးကြီး နယ်ရှိ ရွာပေါင်း (၆၂) ရွာထံမှ (၈၂၉) စောင်နှင့် ကန္တာရဝတီ နယ်ရှိ (၂၈၁) ရွာထံမှ (၃၂၉၃) စောင် အသီးသီးရရှိခဲ့သည်။ ဤကော်မစ်ရှင်၏ စုံစမ်းမှုအစီရင်ခံစာအရ ကရင်နီပြည်အား ကယားပြည်နယ်အဖြစ် ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။

စစ်ကြီးအတွင်း ပျက်စီးနစ်နာဆုံးရှုံးမှုအတွက် တိုင်းပြည်ပြန်လည်ထူထောင်ရန် ဂျပန်စစ်လျော်ကြေးကို ကော်မတီတွင် ဦးကျော်ဝင်းအား တာဝန်ပေးအပ်ပြီး အလိုရှိသော စစ်လျော်ကြေးစက်ကိရိယာ များအမျိုးပေါင်း (၁၇) မျိုးအား ပြည်နယ်အလိုရှိသကဲ့သို့ အပြည့်အဝရရှိခဲ့သည်ဟု ဒနတ ၊မေနညညင ၊အအေန စာအုပ်ပထမတွဲတွင် ဖော်ပြထားသော်လည်း အသေးစိပ်မည်မျှရရှိပြီး မည်သို့အကောင်အထည်ဖော်ဆောင်သည်ကို ဖော်ပြထားခြင်း မတွေ့ရပေ။

## အပိုဒ်–၅

### ဇင်းမယ်နယ်နှင့် အရှေ့ကရင်နီမဟာမိတ်ဆက်ဆံရေး

၁၇၈၃ အေဒီတွင် ချင်းမယ်ဘုရင် ပရာကျော့ကာဝိလနှင့်အတူ သားနှစ်ဦး၏ အစီအစဉ်ဖြင့် ပထမအ သုပ်အဖြစ် သံတမန်အဖွဲ့တဖွဲ့အား ဇင်းမယ်မှ ကန္တာရဝတီ (ထိုင်းအခေါ်– ဘန့်ဟွာတတ်)အရှေ့ကရင်နီ သို့ စေလွှတ်ကာ မဟာမိတ်ပြုရန် စေလွှတ်သည်။ ဤခရီးစဉ်တွင် သံလွင်မြစ်တစ်လျှောက် ကရင်နီ နယ်မြေအတွင်း ခိုလှုံနေသော ဇင်းမယ်နှင့်

လမ်းပွန်းမိသားစုဝင်များ၏ အကြီးအကဲများနှင့် မိတ်ဆက်ပေးခဲ့သည်။ ဇင်းမယ်မှုရင်း ဒေသမှ လာရောက်ခိုလှုံသော နိုင်းကွမ်ဘန်တောင်ဖုမှ ဌာနေပြန်ရန် တောင်းဆိုသဖြင့် ကရင်နီအစောင့်တပ်ဖွဲ့တဖွဲ့အား လုံခြုံရေးအတွက် ခြံရံပို့ဆောင်စေခဲ့သည်။

အေဒီ ၁၈၀၉ ခုနှစ်တွင် ကရင်နီနှင့်ချင်းမယ်နိုင်ငံတော်တို့ ကရင်နီတို့၏ ဓလေ့ထုံးတမ်းနှင့်အညီ ကျွဲတကောင်သတ်ကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးအတွက် ကတိသစ္စာပြုခဲ့ကြသည်။ (၁) သံလွင် မြစ်ရေ မခန်းခြောက်သရွေ့၊ (၂)ကျွဲဦးချိုမဖြောင့်တန်းသရွေ့၊ (၃)ဆင်ဖြူဂူ(ကျောက်မိုးဂူ)မပြိုသရွေ့ ကရင်နီ နှင့်ချင်းမယ်နိုင်ငံတော်တို့၏ ချစ်ကြည်ရေးထာဝစဉ်ခိုင်မြဲစွာ တည်ရှိရမည်ဟု ကျွဲသွေးဖြင့် ရောစပ်ထားသော ယမကာရည်ကိုသောက်သုံးလျှက် ကတိပြုခဲ့ကြကာ ကျွဲဦးချိုတဖက်စီကို မျှယူခဲ့ကြသည်။ ထိုနောက် ချင်းမယ်မစ်ရှင်တွင် ပါဝင်သော ချော့ရာတနာကန်ဖာ့၏ ညီတော်ချော့ဥပါရကန်မလာခါက အရှေ့ကရင်နီစောဖျာဖာ့ဖော်ကလေး(ဘိုဖိုးဖု)၏သမီးတော်နှင့် ချစ်ကျွမ်းဝင်မေတ္တာမျှကာ ပထမဆုံးအကြိမ်အဖြစ် မင်းမျိုးမင်းနွယ်မှ နှစ်နိုင်ငံအကြား လက်ဆက်ခဲ့ကြသည်။ ဖာ့ဖော်ကလေး၏သမီးအမည်မှာ ကရင်နီအခေါ် ထွားမယ်ဖြစ်ပြီး ထိမ်းမြားခြင်းပြုပြီးနောက် ချင်းမယ်သို့၌ လိုက်ပါသွားခဲ့ရာတွင် နန်းထွိုင်းဟု အမည်ထွင်လေသည်။ နန်းထွိုင်းအား ချင်းမယ်ဘုရင်စွန်ဒက်ပရာဘုဒါယို့ဖာ့ချူလာလို့မှ နက်နာရီဝွိုင်ဘွဲ့ကို အပ်နှင်းလျှက် နက်နာရီဝွိုင်အမည်သစ်ကို ခံယူလေသည်။

## အခဏ်း ( ၄ )

### ကရင်နီပြည်သို့ ပထမ နှစ်ခြင်းခရစ်ယာန်သာသနာပြုခြင်း

**Sketches from the Karen Hill** စာအုပ်ကို ရေးသားသူ သာသနာပြု **Alonzo Bunker, D. D** ဖော်ပြချက်အရ သူသည် ပထမဆုံး ကရင်နီသို့ နှစ်ခြင်းခရစ်ယာန်သာသနာပြုခဲ့သူ ဖြစ်သည်။ သူထက် စောကာ ကရင်နီသို့ လာရောက်ခဲ့သော အခြားသာသနာပြုမှာ ရန်ကုန်ရှိ ကရင်မစ်ရှင်မှ နလ၏ ဌညအသည ဖြစ်သည်။ သို့သော် သာသနာပြုခြင်းကို မစတင်သေးပေ။ သူနှင့်သူ၏ဇနီးတို့မှာ ၁၈၆၆ ခုနှစ်တွင် အနောက်ကရင်နီသို့ စတင်ရောက်ရှိခဲ့သည်။ ခရီးကြမ်းကို နှင်ခဲ့ပြီးနောက် ကေးလျားသို့ ရောက်ရှိခဲ့ရာ အကြီးအကဲဖြစ်သူ စောဖျာခွီးတီမှ ဧည့်ဝတ်ပြုခဲ့သည်။ စောဖျာခွီးတီမှာ သူ၏ပြည်သူများအတွက် ကျောင်းဆောက်လုပ်ရေး နှင့်သာသနာပြုခြင်း လုပ်ငန်းအတွက် အထူးအားသန်ခဲ့သည်။ သာသနာပြု ဘန်ကာနှင့်အဖွဲ့သည် တပါတ်မျှနေထိုင်ပြီး ဆုတောင်းဝတ်ပြုခြင်းနှင့် ကျမ်းသီချင်းများသင်ကြားသီဆိုမှုများ ပြုလုပ်ပေးပြီး စောဖျာခွီးတီမှ သူ့အား ပြောခဲ့ရာတွင် ကျနော်ဖခင်ဟာ သာသနာပြုတဦး လာခဲ့ပြီးနောက် ဒီလိုနည်းလမ်းတွေနဲ့ ကျင့်ကြံနေထိုင်လိုတဲ့ ဆန္ဒပြင်းပြခဲ့သူဖြစ်တယ်။ ကျနော်သားသမီးတွေအတွက် ဒါတွေလိုအပ်နေကြောင်းပြောခဲ့သည်။ အဆိုပါခရီးစဉ်မှ

ငါ့ဖားဆိုသူ လူငယ်တဦးက တောင်ငူသို့ လိုက်ပါပြီး သာသနာကျောင်းတက်ရောက်ကာ ကရင်နီသို့ ပြန်လည်သာသနာလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ သူနှင့်အတူ ကရင်သာသနာပြုဆရာ စအော **(S'Aw)** ဆိုသူ အတူတကွ သာသနာပြန့်ပွားရေး လုပ်ငန်း လုပ်ခဲ့သည်။ ငါ့ဖားမှာ ပထမဆုံးသော ကရင်နီသာသနာပြုတဦးဖြစ်လာသည်။ ဘန်ကာသည် **Dr Vinton** နှင့်အတူ ၁၈၆၈ တွင် အတူတကွ ကရင်နီသို့ ပြန်လာပြီး **survey** ပြုလုပ်ရန်အတွက် အစီအစဉ်စကာ လွိုင်ကော်မစ်ရှင်ထူထောင်ရန် ကြိုးစားခဲ့သည်။ ၁၈၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကေးလျားသို့ တဖန် ဒုတိယအကြိမ်ပြန်ရောက်လာကာ အေဘီစီ စတင်သင်ကြားပေးခြင်း၊ ဓမ္မသီချင်းများ သင်ကြားခြင်းများ ပြုလုပ်ပေးခဲ့သည်။ စောဖျာခွီးတီမှ ဖြစ်နိုင်ချေရှိမည့် ဆရာများ စီစဉ်ပေးရန်နှင့် ကျောင်းများဆောက်လုပ်ပေးရန် တောင်းဆိုခဲ့သည်။ အပြန်တွင် တောင်ငူသို့ လူငယ်များ ပိုမိုများပြား စွာလိုက်ပါ့ပီး စာသင်မှုပြုလုပ်ရန် ပြင်ဆင်ကြသည်။ သို့သော် အချို့မှာ သက်ကြီးလူအိုများနှင့် တွေးခေါ်ယူဆမှုကွဲပြားမှုအပေါ် အငြင်းပွားခဲ့ ကြသည်ကို တွေ့ရသည်။ မပြန်ခင်တွင် စောဖျာခွီးတီမှ ၎င်း အား **"Do not forget my people. They are very ignorant and superstitious. Come again, and bring us the white book"** ဟုမှာလိုက်သည်ဟု ဆိုသည်။ ထိုခရီးပြီးနောက်ပိုင်း တောင်ငူသာသနာ ပြုကျောင်းသို့ လူငယ်များ နှစ်ဦးစ သုံးဦးစခွဲကာ သွားရောက်ပညာသင်ယူခဲ့ကြသည်။ တတိယအကြိမ် ကေးလျားသို့ လာသောခရီးစဉ်တွင် **Rev Dr Rose and McCall** တို့ ရန်ကုန်မှ လိုက်ပါလာခဲ့ကြသည်။ ဤတခေါက်တွင် စောဖျာခွီးတီမှာ သေဆုံးခဲ့ပြီဖြစ်ပြီး သားတော် စောဖျာခွီးဆော်မှ ဆက်ခံကာ ၎င်းတို့အား သူ၏ခမည်းတော်ကဲ့သို့ပင် ဧည့်ဝတ်ပြုခဲ့သည်။ ကေးလျားနှင့် မိုင် ၃၀ ခန့်ဝေးသော ဒေါ်ဆီးအီတွင် သာသနာပြုလုပ်ငန်းကို တိုးချဲ့ခဲ့ရာတွင် တတတ်တအား စိတ်အားထက်သန်စွာ ပါဝင်ကူညီ လုပ်ဆောင်ခဲ့သူမှာ တူရီ ဖြစ်သည်။ (တူရီမှာ ဂိုဘီတူရီ၏ ဖခင်ဖြစ်သည်)။ ၁၉၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် သာစည်မှတဆင့် လွိုင်ကော်သို့ ရောက်ရှိကာ လွိုင်ကော်မစ်ရှင်ပေါ်ပေါက်ရေးကို လုံးပမ်းခဲ့သည်။ ဒေါ်ဆီးအီတွင်ပင် မစ်ရှင်အခြေစိုက်ကာ လုပ်ငန်းကို ဖော်ဆောင်သည်။ ထိုအချိန်က ရှမ်းနယ်စပ်ရှိ အင်္ဂလိပ်အရာရှိမှာ လွိုင်ကော်အား နယ်စပ်စောင့်စခန်းသဖွယ် အခြေချအုပ်ချုပ်ခဲ့ပြီး သာသနာပြုလုပ်ငန်း မအောင်မြင်အောင် ဒေသခံများနှင့် ရန်တိုက်ပေးခြင်းနှင့် လှုပ်ရှားမှုများကို ကန့်သတ်ခြင်းများ ပြုလုပ်ခဲ့သည်။ သို့သော် သာသနာပြုအဖွဲ့သည် ဗမာပြည်ကို အုပ်ချုပ်သော အင်္ဂလိပ်ဘုရင်ခံမှ သာသနာပြုလုပ်ငန်းကို ဒေသတိုင်းတွင် လုပ်ဆောင်ခွင့်ပြုထားသည်။ ထိုအရာရှိအား တားမြစ်ပိတ်ပင်မှု မပြုလုပ်ရန် ဗမာပြည်ရှိ ဘုရင်ခံမှ ညွှန်ကြားခဲ့သည့်တိုင် လျှို့ဝှက်စွာ ကန့်သတ်မှုများ လုပ်ဆောင်ခဲ့သေးသည်။ လွိုင်ကော်မစ်ရှင်အပြင် ယာဒို၊ စနိုက်–ပုဒေါင်၊ ဘရဲလူမျိုးများကြားတွင်လည်း လုပ်ဆောင်ခဲ့ရာတွင် ရံပုံငွေများလိုအပ်လာသဖြင့် အဆိုပါရံပုံငွေ ရရှိရေးအတွက်

ဒေါက်တာရှို့မှ ရန်ကုန်တွင် အလျှုခံကာ ကျောင်းသူကျောင်းသားများအား ပံ့ပိုးရန် စီစဉ်ရသည်။ ဤသာသနာပြုများ၏ မှတ်တမ်းများတွင် ကရင်နီလူမျိုးတို့၏ လူနေမှုဘဝအခြေအနေကို ဖော်ပြရာတွင် တထပ်တည်းဖြစ်ပုံများ ရှိခဲ့သည်။ ဥပမာ– ကရင်နီလူမျိုးတို့အာ; savage people, barbarous people, wild tribes from sin-cursed land စသဖြင့် အမျိုးမျိုးသုံးနှုန်းထားကြသည်ကိုတွေ့ရပြီး တူညီသော သူတို့၏ မှတ်ချက်တခုမှာ ကရင်နီလူမျိုးတို့မှာ မည်မျှပင် ရုတ်ရင်းရိုင်းစိုင်းသူများဖြစ်လင့်ကစား ချစ်ခင်ပြုငှာသူများအဖြစ် တင်စားခဲ့ကြသည်။ ကရင်နီပြည်သို့ ပထမဆုံးအဖြစ် ခရီးစတင်ခဲ့သူနှင့် ကရင်နီအကြောင်းစတင်ရေးသားခဲ့သူDr Richardson မှ ဤသို့မှတ်ချက်ပြုခဲ့သည် "...rude, they were very friendly". McMahon uvnf; "...no more civilized then the most barbarous tribes of Africa." [k The Karens on the Golden Chersonese စာအုပ်တွင် ရေးသားပါသည်၊ Dr Mason မှာ ၁၈၅၉ ခုနှစ်ကစပြီး ကရင်နီသို့ ရောက်ရှိခဲ့ကာ ပထမဦးဆုံးသာသနာပြုသူဖြစ်ပြီး ဆရာများနှင့် ကျောင်းများဆောက်လုပ်ပေးခဲ့သူဖြစ်သည်ဟု ဆိုသည်။ (သို့သော် အချို့ယူဆကြသည်မှာ Bunker ဘန်ကာမှာ ပထမဆုံး သာသနာပြုသူဖြစ်ပြီး သူ၏ အမည်ကို အစွဲပြု၍ ကရင်နီတို့က နှစ်ခြင်းခရစ်ယာန်အား ဘျားချာ (ꤓꤟꤢ꤬ꤒꤟꤢ꤬) ဟု စတင်ခေါ်ဝေါ် လာဟန်ရှိသည်ဟု ပြောစမှတ်ရှိပါသည်)။

## ကရင်နီပြည်သို့ ကက်သလစ်သာသနာပြု စတင်ရောက်ရှိလာခြင်း

၁၈၆၈ ခုနှစ်တွင် တောင်ငူသို့ကြွရောက်လာသည့် ပီးမေအသင်းမှ ဘုန်းတော်ကြီး ၄– ပါးအနက် ဘုန်းတော်ကြီး Fr. Rocco Tornotore သည် ကရင်နီပြည်သို့ ဦးစွာရောက်ရှိလာသော ဘုန်းတော် ကြီးဖြစ်သည်။ ဘုန်းတော်ကြီးသည် လိပ်သိုသို့ သွားရောက်ကျောင်းထိုင်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် သာသနာအတွက် လမ်းစကိုရှာဖွေရန် ရည်စူးပြီး လိပ်သိုမှယာဒိုသို့တက်သွားကာ ယာဒိုမှတဆင့် ကရင်နီပြည်အတွင်းရှိ ဟိုယာ၊ မိုဆို၊ ဒေါရောခူ၊ ဘောလခဲ၊ စောလုံ၊ ဟော်ခမ်းစသည့် ကျေးရွာများသို့ကြွရောက်ခဲ့ပါသည်။ ထိုစဉ်အခါက တရွာနှင့်တရွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရောက်ရာနေရာတွင် အိပ်စက်ရန်ခက်ခဲခြင်း၊ အစားအသောက်ခက်ခဲခြင်းများစွာ ရှိခဲ့သည်။ တခါတွင် ဘုန်းတော်ကြီးသည် မိုဆို သို့ ကြွရောက်ခဲ့ရာ ရွာသူကြီးက ဘုန်းတော်ကြီးအား အိမ်ပေါ်တွင် မအိပ်စေဘဲ ဝက်ခြံပေါ်တွင် အိပ်စေခဲ့သည်။ ထို့ပြင်အပြင် ဘုန်းတော်ကြီးသည် မိုဆိုမှတဆင့် ဘောလခဲ၊ စောလုံသို့ ကြွရောက်ခဲ့ရာတွင် စောဖျာစောလဖော်မှ ဘုန်းတော်ကြီးအား အင်္ဂလိပ်သူလျှိုဟု ထင်မှတ်ကာ ဖမ်းဆီးထားခဲ့သည်။ ထိုသို့ ဖမ်းဆီးထားသည်ကို အတူပါသွားသော ဓမ္မဆရာက ယာဒိုဘုန်းတော်ကြီးထံ အကြောင်းကြားခဲ့သဖြင့် လိပ်သိုဘုန်းတော်ကြီးထံ

ဆက်လက်အကြောင်းကြားခဲ့ရာ လိပ်သိုဘုန်းတော်ကြီးက စောကဲသာရှိအား အကူအညီ တောင်းခဲ့သည်။ စောကဲသာရှိမှ ကြယ်ဖိုးကြီးစောဖျာထံ အကြောင်းကြားခဲ့ရာ ကြယ်ဖိုးကြီး စောဖျာ ထောက်ခံချက်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့သည်။ ထိုမျှမက ဘုန်းတော်ကြီးသည် မိုဆိုမှ ဒေါရောခူသို့ ကြွရောက်မည့်လမ်းတွင် လူဆိုးတစုက ဘုန်းတော်ကြီးကို လုပ်ကြံရန် စောင့်နေခဲ့ကြသည်။ ဘုန်းတော်ကြီးမှာ လမ်းမှားပြီး ဒေါရောခူသို့ အခြားလမ်းကြောင်းဖြင့် ရောက်ရှိသွားခဲ့သောကြောင့် လူဆိုးရန်မှ လွတ်မြောက်ခဲ့သည်။

ဘုန်းတော်ကြီ Fr. Rocco Tornatore သည် ဘုန်းတော်ကြီးဘဝဖြင့် တောင်တန်းဒေသတွင် ၁၈ နှစ်တိုင် တာဝန်ထမ်းဆောင်ရင်း ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် တောင်ငူသာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီး Vicariate Apostolic ၏ သိက္ခာတော်ကို မန္တလေးတွင် ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီ Bp. Paul Ambrose Bigandet လက်တော်မှ ခံယူရရှိသည်။ ဆရာတော်သည် ဘုန်း တော်ကြီးဘဝတွင် ကရင်နီပြည်ရှိ ဟိုယာ၊ မိုဆို၊ ဒေါရောခူ၊ ဘောလခဲ၊ စောလုံတို့အပြင် ရှမ်းပြည်တောင်ပိုင်း လိုဒိယာခူ၊ ဖယ်ခုံ၊ ဗုါရီခူ၊ ကဖု၊ ခွီးတလုတ် အစရှိသော ကျေးရွာများသို့ ၁၈ နှစ်ကာလအတွင်း မကြာခဏ လှည့်လည်ကာ ဧဝံဂေလိတရားတော် ဟောကြားခြင်း၊ ဆေးကြောခြင်း၊ မင်္ဂလာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ကရင်နီပြည် တွင်း သာသနာထွန်းကားရေးအတွက် ကြိုးပမ်းခဲ့သည့် ဘုန်းတော်ကြီးများအနက် ဘုန်းတော်ကြီး Fr. E. Sagrada တပါးအပါအဝင်ဖြစ်သည်။ ဘုန်းတော်ကြီးသည် ၁၈၈၄ ခုနှစ်တွင် တောင်ငူသို့ ရောက်ရှိလာပြီး အင်္ဂလိပ်စာကို သင်ယူခဲ့ပြီး လိပ်သိုသို့ ကြွရောက်ကျောင်းထိုင်ခဲ့သည်။ လိပ်သိုမှတဆင့် ထီးသာစောတိုက်နယ်ကိုဖြတ်ကာ ကရင်နီ ပြည်အတွင်းရှိ ကေကောနှင့်ဟိုယာတိုက်နယ်အတွင်း ကျေးရွာများသို့ လှည့်လည်ရင်း ထူးချောင်းအထိရောက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် တရွာနှင့်တရွာ ကူးလူးဆက်ဆံခြင်းများ မရှိခဲ့ကြပေ။ ဘုန်းတော်ကြီးမှ တရွာနှင့်တရွာ သင့်မြတ်စေရန် ကြားမှဆောင်ရွက်ပေးခဲ့ပြီး ရွာလူကြီးများကို အမြင်ကျယ်လာစေရန် လိပ်သို၊ တောင်ငူသို့ ခေါ်ဆောင်ပြသခဲ့သည်။ ၁၈၉၉ ခုနှစ်အရောက်တွင် ကျေးရွာသူ/သားများ သိမြင်သဘော ပေါက်လာကြပြီး အခြားဒေသများသို့ သွားရောက်လိုသောဆန္ဒများ ပေါ်လာသည်။ ဘုန်းတော်ကြီ; Fr. Sagradaသည် တောင်ပေါ်ဒေသတွင် ၂၅ နှစ်မျှ အမှုတော်ထမ်းရင်း Fr. Rocco Tornatore ပျံလွန်တော်မူသဖြင့် ၁၉၀၉ ခုနှစ်တွင် ဆရာတော်ကြီး သိက္ခာကို တောင်ငူတွင် ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီ; Bp. Cardot လက်တော်မှ ခံယူရရှိသည်။

<u>ကရင်နီပြည်သို့ ကက်သလစ်ဘုန်းတော်ကြီးများ ကြွရောက်ကျောင်းထိုင်ခြင်း</u>

ကရင်နီပြည်သို့ ပီးမေသာသနာတော်မှ သာသနာပြုများ ကြွရောက်သီတင်းသုံးခဲ့သည့် နှစ် ၁၀၀ ပြည့် ဂျူဘလီပွဲတော်ကို ၁၉၉၆ ခု၊ ဧပြီလ ၂၃ ရက်နေ့တွင် ဖရူဆိုမြို့နယ်၊ ဆိုလျားကူးတွင် စည်ကားသိုက် မြိုက်စွာ ကျင်းပခဲ့သည်။ ပီးမေသာသနာပြုအသင်းမှ ၁၈၆၈ ခုနှစ်အတွင်း တောင်ငူတွင် ဗဟိုပြုလျက် ကရင်ပြည်မြောက်ပိုင်း၊ ကရင်နီပြည်၊ ရှမ်းပြည်အရှေ့ပိုင်းနှင့်တောင်ပိုင်းသို့ သာသနာပြုခဲ့သော်လည်း ၁၈၉၀ ခုအထိ မည်သည့်ရွာမှ အတည်တကျ ကျောင်းထိုင်နေထိုင်ခြင်း မရှိခဲ့ပေ။ ၁၈၉၂ ခုတွင် ပီးမေသာသနာအသင်းမှ ဘုန်းတော်ကြီးတပါးဖြစ်သော **Fr. Antonio Guzzuloni** သည် တောင်ငူသို့ရောက်ရှိလာပြီး ထိုမှတဆင့် ကရင်နီပြည်၊ ဖရူဆိုမြို့နယ်၊ ဆိုလျားကူးသို့ ၁၈၉၃ ခု၊ မတ်လ ၁၅ ရက်နေ့တွင် ကြွရောက်ကာ သီတင်းစတင်သုံးခဲ့သည်။ ထိုနေ့ရက်အား ကရင်နီပြည်တွင် ကက်သလစ်သာသနာတော် စတင်သည့်နေ့အဖြစ် သတ်မှတ်သည်။ ဆိုလျားကူးသည် ထိုအချိန်က အိမ်ခြေ (၁၀၀) ကျော်ရှိကာ လူဦးရေများသော ရွာဖြစ်ပြီး ရေ၊ မြေသြဇာကောင်းသည့် နေရာဖြစ်သဖြင့် ဘုန်းတော်ကြီး ရွာသူကြီး လူရယ်ထံ နေထိုင်ရန် ခွင့်တောင်းခဲ့သည်။ ရွာသူကြီးမှာ အရပ်ထောင်ထောင်၊ မုတ်ဆိတ်မွေး မဲနက်ထူထပ်သည့် ဘုန်းတော်ကြီးကိုကြည့်ကာ ကြောက်ရွံ့သောကြောင့် နေထိုင်ခွင့်ပြုသင့်မသင့် မောင်းထုကာ ရွာသားများကို စုဝေးတိုင်ပင်ခဲ့သည်။ စကားမပေါက်ပြန်သဖြင့် အတူလိုက်ပါလာသည့် ဂေဘားလူမျိုးအီဖဲမှ ဘာသာပြန်ပေးခဲ့သည်။ ဘုန်းတော်ကြီးအား လက်ခံမည်ဆိုပါက ကလေးများအတွက် ပညာရေး၊ ရပ်ရွာကျန်းမာရေးနှင့် လူမှုရေး တိုးတက်လာမည့်အပြင် ဗမာစကား၊ အင်္ဂလိပ်စကားများပါ တတ်မြောက်လာမည်ဖြစ်ကြောင်း အီဖဲမှ ရှင်းပြခဲ့သည်။ ထိုနောက် ဘုန်းတော်ကြီးကို နေထိုင်ခွင့်ပြုခဲ့သည့် ပထမဆုံးနေ ရာဖြစ်ခဲ့သည်။ ဘုန်းတော်ကြီးမှ ကလေးများကို မုန့်၊ သကြားလုံးများဖြင့် ချော့မော့ပြီး ဂေဘားစာကို သင်ပေးခဲ့သည်။ ရပ်ရွာတွင်းဖြစ်ပွားသော မှုခင်းများကို ဝင်ရောက်နားထောင်လေ့ရှိပြီး ဖြေရှင်းပေးသည်။ ပြစ်ဒဏ်ငွေများ ပေးဆောင်ရပါက ဘုန်းတော်ကြီးမှ စိုက်ပေးလေ့ရှိသည်။ စိုက်ပေးသော ပြစ်ဒဏ်ခအဖြစ် ပိန္နဲပင်၊ ဝါးရုံ၊ မြေကွက်များကို ပေးကြရသည်။ ရွာသူ/သားအချို့ကို ဆေးကြောခြင်းပေးခဲ့သည်။ ဘုန်းတော်ကြီးသည် ဆိုလျားကူးတွင် ၁၈၉၃ မှ ၁၉၀၀ ခုနှစ်အထိ ၇–နှစ်တိုင်သီတင်းသုံးခဲ့သည်။

ဆရာတော် **E. Sagrada** သည် ကေကောနှင့် ဟိုယာ တိုက်နယ်တွင် သာသနာပြုခဲ့သည့်တိုင် အတည်တကျ သီတင်းသုံးခဲ့ခြင်းမရှိဘဲ နယ်မြေအခြေအနေနှင့် ဒေသခံလူမျိုးတို့၏ ဓလေ့ယဉ်ကျေးမှု တို့ကို လေ့လာခဲ့သည်မှာ ၁၈၉၃ ခုနှစ်အထိဖြစ်သည်။ **Fr Villa** သည် ၁၈၇၀–၁၈၈၀ ခုနှစ်အကြား ဒေါရောခူသို့ အကြိမ်ကြိမ် ရောက်ခဲ့သည်။ လိုဒီအာခူတွင် မျှော်မှန်းသလောက် လုပ်ငန်းတိုးတက်မှု မရရှိသဖြင့် ကယန်းလူမျိုးများ နေထိုင်ရာ ဒေါရောခူသို့ ဦးလှည့်ခဲ့သည်။ ရောက်ရှိစတွင် မုတ်ဆိတ်မွေးရှည် နိုင်ငံခြားသားကို ရွာသားများက ဘီလူးဟုထင်ကာ ကြောက်ရွံ့ကြသည်။ လက်ခံဧည့်ဝတ်

ပြုခြင်း မပြုရဲကြဘဲ လူမနေသော ရွာဘေးအိမ်တလုံးတွင် တည်းခိုအနားယူခဲ့သည်။ အတူပါလာသော ဓမ္မဆရာ မှ ဘုန်းတော်ကြီးမှာ ဘုရားသခင်၏ လူဖြစ်ကြောင်း၊ နေထိုင်ခွင့်ပြုပါက ရွာသားများ အသိပညာတိုးပွား လာအောင် သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းပြခဲ့သော်လည်း မည်သူမျှနာခံခြင်း မရှိခဲ့ပေ။ ဒုတိယ အကြိမ်အဖြစ် ၁၈၇၈ ခုနှစ်တွင် **Fr Villa** သည် မောင်ပလေ့ရွာမှ ဓမ္မဆရာ ၂–ဦးဖြင့် ဒေါရောခူသို့ ထပ်မံရောက်ရှိလာသည်။ ဘုန်းတော်ကြီးအား အိမ်ပေါ်တွင် ဧည့်ခံထားသော်လည်း မုတ်ဆိတ်ရှည်၊ ဖိနပ်ရှည်စီးထားသော ဘုန်းတော်ကြီးအား လူစင်စစ်မဟုတ်ဟုဆိုပြီး အနားမကပ်ဝံ့ကြပေ။ ဘုန်းတော်ကြီးမှ ဖူးပရိုစူနေအိမ်တွင် တည်းခိုပြီး အစာ၊ ရေများကို လက်ဟန်ပြ တောင်းစားခြင်းပြုခဲ့ရာ ရွာသားများမှာ ဘီလူးမဟုတ်ဘဲ လူစင်စစ်ဖြစ်ကြောင်း သဘောပေါက်လာကြပြီး အနားကပ်လာကြသည်။ **Fr Villa** သည် ၁၈၉၉ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပျံလွန်တော်မူသည်။

၁၉၀၇ ခုနှစ်တွင် ဘုန်းတော်ကြီး **Fr. Paolo Manna** သည် ဒေါရောခူမှတဆင့် လွိုင်ကော်သို့ ကြွရောက်လာသည်။ ထိုအချိန်က လွိုင်ကော်မှာ ကန္တာရဝတီ၏ မြို့တော်မဖြစ်သေးဘဲ မြို့တော်မှာ စောလုံဖြစ်ကာ စောဖျာခွန်နန်မှ အုပ်စိုးလျှက်ရှိသည်။ ၁၈၅၁ ခုတွင် မောင်ပလေ့ရွာသို့ ဘုန်းတော် ကြီး **Fr. Casere Rubesti** ကြွရောက်သီတင်းသုံးခဲ့သည်။ ဘုန်းတော်ကြီးသည် ကိုဆိုလိုချောင်းဖြတ်ကူး ရာတွင် ရေနစ်ကွယ်လွန်ခဲ့သဖြင့် ဘုန်းတော်ကြီး **Fr. Maria Gustavo** မှ ဆက်လက်ကျောင်းထိုင်ခဲ့သည်။ အဆိုပါ ဘုန်းတော်ကြီး ကျန်းမာရေးမကောင်းသဖြင့် ဘုန်းတော်ကြီး **Fr. P. Manna** ကြွရောက်သီတင်းသုံးခဲ့သည်။ ၁၉၁၆ ခုတွင် မိုဆိုသို့ ဘုန်းတော်ကြီး **Fr. Bosano** ရောက်ရှိသီတင်းသုံး ခဲ့သည်။ ဘုန်းတော်ကြီး မလာရောက်မီ အီဖဲဆိုသူမှ ကက်သလစ်သာသနာတရားတော်ကို ဟောပြောသွန် သင်ခဲ့သည်ဟု ဆိုသည်။ ထိုကာလမတိုင်မီ ဆရာတော်ကြီး **Bp. Rocco Tornatore** သည် ဘုန်းတော် ကြီးဘဝတွင် မိုဆိုကို ကြွရောက်လည်ပါတ်ခဲ့ရာ ရွာသူကြီးက ဘုန်းတော်ကြီးအား ဖမ်းဆီးကာ ဝက်ခြံထဲ လှောင်ထားခဲ့သည်။ ကေကောတွင် ဆရာတော်ကြီး **E. Sagrada** ပြီးနောက် **Fr. Pacti** မှ ၁၉၀၃ ခုတွင် ကျောင်းထိုင်သည်။ ၁၉၂၃ ခုတွင် **Fr. Bossi ESifh Fr. Mora** တို့လှည့်လည်ပြီး ဧဝံဂေလိ ဟောကြားခဲ့သည်။ ဆိုလျားကူးသို **Fr. Antonio Cazzulni** မှ ၁၈၉၃ ခုနှစ်တွင် သီတင်းသုံးသည်။ ဟိုယာသို **Fr. Pacati Cristorero** မှ ၁၉၀၃ ခုတွင်၄င်း၊ ဒေါရောခူသို **Fr. B**၏ **Peano** မှ ၁၉၀၆ ခုတွင်၄င်း၊ မိုဆိုသို **Fr. Bossi Rineldo** မှ ၁၉၁၆ ခုတွင်၄င်း၊ လွိုင်ကော်သို **Fr. B Peano** မှ ၁၉၃၃ ခုတွင်၄င်း၊ ကေကောသို **Fr. Santino Bianchini** မှ ၁၉၃၄ ခုတွင်၄င်း၊ မော်ချီးသို **Fr. Peano** မှ ၁၉၃၅ ခုတွင်၄င်း၊

ဒေါလစောသို Fr. Paul Sedi မှ ၁၉၄၇ ခုတွင်၄င်း၊ ရှားတောသို Fr. Vergera Mario မှ ၁၉၄၇ ခုတွင်၄င်း၊ ဖရူဆိုသို Fr. L. Calbusera မှ ၁၉၅၀ ခုတွင်၄င်း ကြွရောက် သီတင်းသုံးခဲ့သည်။

~

## ကရင်နီသမိုင်း၏ ကွက်လပ်များနှင့် လေ့လာမှုနိဂုံးသုံးသပ်ချက်

ကရင်နီသမိုင်းနောက်ကြောင်းကို ပြန်လည်သုံးသပ်ကောက်ကြောင်းလိုက်ရာတွင် အိမ်နားနားချင်း လူမျိုးများတို့၏ သမိုင်းကြောင်းလေ့လာမှုနှင့် နှိုင်းယှဉ်မည်ဆိုပါက များစွာ ခက်ခဲပြီး ပြီးပြည့်စုံသော သမိုင်းတခုဖြစ်လာရန်နှင့် ဆက်စပ်ယူရန် မလွယ်ကူပါ။ သမိုင်းအစ တွင် လေ့လာမှုပြုခဲ့ကြသကဲ့သို့ပင် အချို့သော ဘာသာရပ်ခြားစာပေဖြင့် ရေးသားပြုစုထား သော နိုင်ငံခြားသား သာသနာပြုများ၊ အရာရှိများ နှင့် လေ့လာရေးသမားများ၏ ရေးသားထားချက်များကိုသာ အခြေခံပြီး ကောက်နုတ်ရသည်ဖြစ်ရာ မတူညီသော ဘာသာစကားပြောဆိုမှုနှင့် စာလုံးပေါင်းအသံထွက် ခက်ခဲမှုတို့ကြောင့် အချို့သော အခေါ် အဝေါ်အသုံးအနှုန်း၊ အမည်နာမ်မများမှာ မူလပြောဆိုရင်းနှင့် လွဲချော်ကာ ကွဲပြားသော အမည်နာမ်မများ၊ အသုံးအနှုန်းများအဖြစ် မှတ်တမ်းတွင် ပါရှိလာသည်ကို တွေ့ရပေသည်။ ဤသည်မှာ မိမိတို့၏ လူမှုဘဝ ဖြစ်ပေါ်မှု နိမ့်ကျနေသေးခြင်း၊ ဝလေ့စရိုက်ကြမ်းတမ်းခြင်းနှင့် အရာရာအပေါ် တွေးခေါ်ယူဆမှုနည်းပါး ခြင်းကို ဖော်ပြနေပေသည်။ ထိုသို့ဖြစ်ရသည်မှာ လူမျိုးစုအတွင်း ကူးလူးဆက်ဆံပေါင်းသင်းမှု မရှိခြင်းနှင့် တူညီသော ပြောဆိုသုံးနှုန်း ခေါ်ဝေါ် မှုမရှိခြင်းအပြင် ဆက်သွယ်ပေါင်းကူးရေးသားရန် စာပေအက္ခရာမရှိခဲ့ခြင်း တို့သည် အခြေခံ လိုအပ်ချက်ပင် ဖြစ်သည်။

McMahon \ The Karens on the Golden Chersonese စာအုပ်တွင် ရေးသားထားရာ တွင် "...the origin of the Kayas or Red Karens, as is the case with other tribes of Karens, for neither have any written character, and we must therefore content ourselves with legends handed down to successive generations by oral agency alone.

အကိုကြီးတရုတ်ဟု တရုတ်တို့ကို အမည်ပြုလျှက် အမွေအဖြစ် ချန်ရစ်ပေးခဲ့သည် ဆိုသော စာပေဆိုသည်မှာလည်း ယခုသမိုင်းနောက်ကြောင်း ခြေရာခံလိုက်ရာတွင် မည်သို့မျှ အထောက်အကူ မဖြစ်ခဲ့ပါ။ စာရေးဆရာ McMahon ကပင် ဤသို့ ရေးထားပေသည်။ "...a book written on metal and ivory plates, they came to the conclusion that their elder brothers had determined not to wait for them any longer, and had left this book as their portion of the family inheritance.

အမှန်ပင် မိမိတို့တွင် စာပေအရေးအသားများ ရှိခဲ့သည်မှန်သော် အစဉ်အဆက် ထိန်းသိမ်း လေ့လာမှတ်သားသုံးစွဲသွားသင့်ပြီး ယနေ့နောင်လာနောက်သားများ ခေတ်ထက်တိုင်အောင် အသုံးပြုလာသော စာပေတရပ် ဖြစ်ထိုက်သည်။ ဤအားနည်းချက်သည် သမိုင်းစဉ်တစ်လျှောက် ဖြစ်တည်လာခဲ့သော သမိုင်း အားနည်းချက်တခုဖြစ်သည်ဆိုသည်ကို မည်သူမျှ ငြင်းချက်ထုတ်နိုင်မည် မဟုတ်ပါ။

မိမိအနေဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုကော်မီတီမှ ကရင်နီသမိုင်းပြုစုရေး ကော်မီတီကို ဖွဲ့စည်းကာ ဦးစီးစေခဲ့သည့် ၁၉၉၉ ခုနှစ်မှ ယနေ့တိုင် သမိုင်းနောက်ကြောင်းများကို လိုက်လံရှာဖွေစုဆောင်းသုတေသနပြုရာတွင် အခက်တကာ့ အခက်ဆုံး အဆင့်များနှင့် ရင်ဆိုင်ရပါသည်။ အချို့သော သမိုင်းစာအုပ်များ၊ မှတ်တမ်းများ နှင့် နှုတ်ပြောရာဇဝင်များသည် ရေရာသည်များရှိသကဲ့သို့ မရေရာသည်များလည်း ရောပြွမ်းလျှက် ရှိနေပေရာ အတည်တကျဖြစ်ရေးမှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ မိခင်ပါတီမှ တာဝန်ပေးအပ်သည်မှန်သော်လည်း လိုအပ်မှုအရပ်ရပ်အတွက် တာဝန်ခံသူ မရှိဘဲ သမိုင်းဝင်္ကဘာထဲတွင် နည်းမျိုးစုံဖြင့် လုံးလည်လိုက်၍ နောင်လာနောက်သားများ သိရှိနိုင်ရန်အလို့ငှာ လိုက်လှမ်းမှီသမျှဖြင့်သာ စုစည်းပေးလိုက်ရခြင်းဖြစ်သဖြင့် မှားယွင်း ချွတ်ချော်မှုများအတွက် မိမိအား အပြုသဘောဖြင့် လက်ခံဝေဖန် အကြံပြုထောက်ပြ သွားကြရန် မေတ္တာရပ်ခံလိုပါသည်။ ထို့အပြင် သင့်တွင် အလားတူ အမျိုးသားရေး တာဝန် တရပ်တည်ရှိနေသကဲ့သို့ တတ်နိုင်သရွေ့ လေ့လာစုဆောင်းမှုပြုလုပ်သွားရန် တိုက်တွန်း အားပေးရင်း လေ့လာမှု စာစဉ်ကို နိဂုံးချုပ်ပါသည်။

အနာဂါတ်မျိုးဆက်သစ်ခေါင်းဆောင်ကောင်းများဖြစ်လာကြစေရန်
အားထားရည်သန်ပါသည်။

## "Without the past, then there can be no future."

*၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ မွန်းလွဲ ၀၁း၀၀ နာရီတွင် ပြုစုကာ*
*၂၀၀၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ဖြည့်စွက်ကောက်နုတ်တင်ပြသည်။*